ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်၊ တနင်္ဂနွေနေ့ (15-8-2010) (၆၄၉၁)

ပဲခူးတိုင်းအတွင်း စိုက်ပျိုးရေးလုပ်ငန်းများနှင့် နတ်သံကွင်းတံတား(စစ်တောင်း) တည်ဆောက်ရေးစီမံကိန်းလုပ်ငန်း ဒုတိယဗိုလ်ချုပ်ကြီးကိုကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၄

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုသည် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမင်းနှင့်အတူ ဩဂုတ် ၁၂ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်း ဝေါမြို့နယ် ဧကရာဇ် ကျေးရွာအုပ်စု တောင်သူတစ်ဦး၏ မိုးစပါးစိုက်ကွင်းသို့ရောက်ရှိရာ ယာယီရှင်းလင်းဆောင်၌ တာဝန်ရှိသူတစ်ဦးက မိုးစပါး စိုက်ပျိုးပြီးစီးမှုအခြေအနေနှင့် ကျန်စိုက်ဧကများပြီးစီးရေး ဆက်လက်ဆောင်ရွက်သွားမည့်အစီအစဉ်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက မြို့နယ်၏ လျာထားချက်ဧက ပြည့်မီရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားပြီး မိုးစပါး စိုက်ခင်း၌ တောင်သူများ ဓာတ်မြေဩဇာကြဲပက်နေမှုနှင့် ပေါင်းလိုက်တမန်းနှိုး ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးကာ ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ကြည့်ရှုအားပေး

ဆက်လက်၍ ဝေါမြို့ အလိုပြည့်သောက်ရေကန်၌ ရေသိုလှောင်ထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဒိုက်ဦးမြို့နယ် ကတုတ်ဘုရားကြီးကျေးရွာ တောင်သူတစ်ဦး၏ မိုးစပါး စိုက်ခင်းသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ တာဝန်ရှိသူတစ်ဦးက မိုးစပါးလျာထားချက် ပြည့်မီရေး ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကိုကိုသည် မိုးစပါးစိုက်ကွင်း၌ တောင်သူများ စုပေါင်းဓာတ်မြေဩဇာ ကြဲပက်နေမှုနှင့် မိုးစပါးရှင်သန်ဖြစ်ထွန်းနေမှု အခြေအနေတို့ကို ကြည့်ရှုအားပေးကာ ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် ညောင်လေးပင်မြို့နယ် ရှမ်းရွာကျေးရွာ တောင်သူတစ်ဦး၏ မိုးစပါးစိုက်ကွင်းကို ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၉ ကော်လံ ၃ သို့ ❒

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကျေးလက်တောင်သူတွေ လက်ကိုင်ဖုန်းတွေ သုံးနိုင်ပါပြီ

သတင်းဆောင်းပါး
မိုးညှင်းကျော်စိုးလေး
ဓာတ်ပုံ
မောင်စိန်ဝင်း(မိုးညှင်း)
အဆင်အပြင် - ခင်မျိုးနိုင်

လက်ကိုင်ဖုန်းကိုဖွင့်လိုက်၏။

"ဟဲလို-ပြောပါခင်ဗျား"

"တခြားမဟုတ်ပါဘူး၊ မိုးညှင်းဒေသကလားခင်ဗျာ"

"ဟုတ်ကဲ့-ဟုတ်ပါတယ်ခင်ဗျား"

ကျွန်တော်တို့ မိုးညှင်းဒေသ ကျေးလက်တစ်နေရာမှ လက်ကိုင်ဖုန်းအသုံးပြု ဆက်သွယ်သူတစ်ဦးကို တွေ့မြင်ခဲ့ရခြင်းဖြစ်ပါသည်။ ဤမြင်ကွင်းကို မျှော်လင့်တောင့်တခဲ့သည်မှာ ကြာမြင့်လှပါပြီ။ ယခုတော့ ဆန္ဒပြည့်ဝပါပြီ။ မြို့ပြဒေသသာမက ကျေးလက်ပြည်သူများပါ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြပြီ။ ဤကား တည်ငြိမ်ခြင်း၊ အေးချမ်းခြင်း၊ တိုးတက်ဖွံ့ဖြိုးခြင်းတို့ ဟန်ချက်ညီစွာ ပေါ်ထွန်းခဲ့ရခြင်း၏ ရလဒ်ပင်ဖြစ်၏။

ယခင်က ကျွန်တော်တို့ဒေသတွင် တစ်နေရာမှ တစ်နေရာသို့ ဆက်သွယ်ပြောဆိုလိုပါက လူကြုံဖြင့် စကားပါးရသည်။ စာဖြင့် ရေးပြီးပြောရသည်။ အရေးကြီးလျှင် ကြီးသလို လူကိုယ်တိုင် ပြေးလွှားရသည်။ ယခုမူကား ယင်းကဲ့သို့ မဟုတ်တော့ပါ။ စိတ်ပင်ပန်း၊ လူပင်ပန်း မဖြစ်တော့ပါ။ ဆက်သွယ်ရေးနည်းပညာ၏ ရေစီးကြောင်းနှင့်အတူ တိုးတက်မြင့်မားခြင်းကဏ္ဍသစ်ကို ဖွင့်လှစ်နိုင်ခဲ့ပါပြီ။

ယခုအခါ မြန်မာ့ဆက်သွယ်ရေး ကွန်ရက် ဖြန့်ကြက်မှုသည် နယ်စပ်ဒေသအပါအဝင် တောကြိုအုံကြားအထိ ပျံ့နှံ့ရောက်ရှိနေပါပြီ။ ကျေးလက် လယ်ကွင်းများပါမကျန် ဖြန့်ကြက် လွှမ်းခြုံနေပါပြီ။

စာမျက်နှာ ၆ ကော်လံ ၁ သို့ ◆

ကချင်ပြည်နယ် မိုးညှင်းမြို့ မိုက္ကရိုဝေ့ဗ်စခန်းနှင့် ၇၂ မီတာ အမြင့်ရှိ တာဝါတိုင် တိုးမြှင့်တည်ဆောက် ပြီးစီးမှုကို တွေ့ရစဉ်။

ယနေ့ သတင်းအညွှန်း



MNL ဒုတိယအကျော့ ဖွင့်ပွဲ အခမ်းအနားနှင့် ကမ္ဘောဇအသင်း မိတ်ဆက် အပ်နှံပွဲကျင်းပ။

စာမျက်နှာ - ၁၁

ပရီမီယာလိဂ် ဘောလုံးပွဲစဉ်(၁) စပါးနှင့် မန်စီးတီး သရေကျ။

စာမျက်နှာ - ၁၁

ပါကစ္စတန် ရေဘေးဒုက္ခသည် သန်း၂၀ ရှိကြောင်း ပြောကြား။

စာမျက်နှာ - ၅



မိုးရွာသွန်းမှုကြောင့် မော်စကိုတွင် မီးခိုးမြူလွင့်ပါး၊ တောမီးများ ဆက်လက်လောင်ကျွမ်း။

စာမျက်နှာ - ၅

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၄ - ၈ - ၂၀၁၀

နေပြည်တော်(လေဆိပ်)	သုည	ဒသမ	၉၈	လက်မ
မြစ်ကြီးနား	၃	ဒသမ	၀၃	လက်မ
မချမ်းဘော	၃	ဒသမ	၀၃	လက်မ
ကျောက်တော်	၂	ဒသမ	၄၈	လက်မ
ကျောက်ဖြူ	၂	ဒသမ	၂၄	လက်မ
ခန္တီး	၂	ဒသမ	၁၇	လက်မ
သံတောင်ကြီး	၂	ဒသမ	၁၇	လက်မ

၁၅-၈-၂၀၁၀
(တနင်္ဂနွေနေ့)

အရည်အသွေးမြင့် သစ်သီးဝလံများ ထုတ်လုပ်

လယ်ယာကဏ္ဍ ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်ရေးကို ရည်မှန်းအကောင်အထည်ဖော်နေသည်။ စိုက်ပျိုးရေးလုပ်ငန်းများအတွက် အဓိကလိုအပ်သည့် စိုက်ပျိုးရေလုံလောက်စွာရရှိစေရေး နည်းလမ်းအသွယ်သွယ်ဖြင့် ကြိုးပမ်းလျက်ရှိသည်။ ဆည်တမံ၊ မြစ်ရေတင်စီမံကိန်းများနှင့် မြေအောက်ရေရရှိရေးလုပ်ငန်းများကို ရေမြေ အခြေအနေပေးမှုအလိုက် ဖြန့်ကြက်တည်ဆောက်ပေးနေသည်။

နိုင်ငံတစ်ဝန်း၌ ဆည်တမံ ရေထိန်းတံခါးပေါင်း နှစ်ရာကျော်ကို တည်ဆောက်ပေးထားရာ ဆည်ရေသောက် စိုက်ပျိုးမြေဧက တိုးတက်လာသည်။ မိုးစပါး၊ နွေစပါးသာမက ပဲအမျိုးမျိုး၊ ဆီထွက်သီးနှံ၊ ချည်မျှင်ရှည်ဝါများကို သီးထပ်သီးညှပ်စိုက်ပျိုး အကျိုးဖြစ်ထွန်းနေကြပြီ။ ဆည်ရေအသုံးပြု သီးနှံစုံတိုးချဲ့စိုက်ပျိုးလျက်ရှိရာ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်နှင့် ပန်းမန်စိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်လာနေပြီ။ ပြည်တွင်းစားသုံးမှုဖူလုံရေးနှင့် ပြည်ပတင်ပို့နိုင်ရေး ကြိုးပမ်းနေကြပေပြီ။

အချို့ဒေသများတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများက စိုက်ပျိုးမွေးမြူရေးအထူးဇုန်များ တည်ထောင်လုပ်ကိုင်နေကြပြီ။ နိုင်ငံတကာဈေးကွက်၌ ဝယ်လိုအားများသည့် သရက်သီး၊ ဖရဲသီး၊ သခွားမွှေး၊ ဟိုတယ်သုံး သခွားသီး၊ ခရမ်းချဉ်၊ ကြက်သွေးရောင်မုန်လာဥမျိုး၊ ဆလတ်ရွက်၊ ရွှေဖရုံအသေး၊ ငရုတ်ပွအချို့နှင့် ဆီးသီးစသည့် သစ်သီးဝလံများကို ခေတ်မီနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။

မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းစသည့် ဒေသများတွင် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ စီးပွားဖြစ်စိုက်ပျိုးနေကြပြီ။ အထူးသဖြင့် ဈေးကွက်ဝယ်လိုအားကောင်းသည့် သီးနှံများကို အစုအဖွဲ့များဖွဲ့၍ စိုက်ပျိုးထုတ်လုပ်နေကြပြီ။ သရက်သီးဇုန်များကို ကျောက်ဆည်၊ စဉ့်ကိုင်၊ တံတားဦး၊ ပုသိမ်ကြီး၊ ထုံးဘိုတို့တွင် တွေ့ရသည်။ ထို့အပြင် ရပ်စောက်၊ တောင်ကြီး၊ ညောင်ရွှေ၊ ဆီဆိုင်နှင့် ဟိုပုံးတို့တွင်လည်း တစ်အုပ်တစ်မ စီးပွားဖြစ် စိုက်ပျိုးလာနေကြပြီ။

ဖရဲသီးကို အချို့ဒေသများ၌ အဓိကသီးနှံအဖြစ် စိုက်ပျိုးနေကြပြီ။ အစေ့မဲ့ဖရဲသီးများ စိုက်ပျိုးထုတ်လုပ်နိုင်လျက်ရှိရာ နှစ်စဉ်ဖရဲသီးအထွက်တိုးတက်လာပြီး ပိုမိုတင်ပို့နေကြပြီ။ သခွားမွှေးကို နယ်စပ်ဒေသမှ အများဆုံးတင်ပို့နေပြီ။ အရည်အသွေးကောင်း သခွားမွှေးများ ထုတ်လုပ်ပြီး ပုံမှန်ကုန်သွယ်မှုစနစ်ဖြင့် လေကြောင်းမှတင်ပို့နိုင်ရေး ကြိုးပမ်းလျက်ရှိသည်။

သစ်သီးဝလံ ဟင်းသီးဟင်းရွက်များနည်းတူ ပန်းမန်များ စိုက်ပျိုးပြီး ပန်းဇုန်များကို ဖွဲ့စည်းထူထောင်နေကြပြီ။ ပြင်ဦးလွင်၊ လားရှိုး၊ မန္တလေး၊ ကလေးနှင့် ပြည်တို့တွင် ပန်းဇုန်များဖွင့်လှစ်နိုင်လျက်ရှိသည်။ စိုက်ပျိုးရေးလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာများနှင့် ဒေသခံတောင်သူများပူးပေါင်း၍ စိုက်ပျိုးရေးအထူးဇုန်များထူထောင်ပြီး အရည်အသွေးမြင့် သစ်သီးဝလံများ စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်တင်ပို့ကြခြင်းဖြင့် ဝင်ငွေတိုး အကျိုးဖြစ်ထွန်းမှု ပိုမိုရရှိလာနိုင်မည် ဖြစ်ပါသည်။ ။

မော်လမြိုင်မြို့နယ် သဘင်သက်ကြီးပူဇော်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၄

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် သဘင်ပညာရှင်များ အစည်းအရုံး၏ (၃၂)ကြိမ်မြောက် သဘင်သက်ကြီး ပူဇော်ပွဲနှင့် လုပ်သားဆုချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ် ၈ ရက်တွင် မော်လမြိုင်မြို့နယ် သဘင်ပညာရှင်များ အစည်းအရုံး၌ ကျင်းပရာ သဘာပတိ မြို့နယ် သဘင်ပညာရှင်များ အစည်းအရုံး ဥက္ကဋ္ဌ ဦးတိုင်းကျော်နှင့် မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံး (ဗဟို) အတွင်းရေးမှူး ဦးအောင်တင်ဝင်းတို့က အမှာစကားပြောကြားကြပြီး အလုပ်အမှုဆောင်အဖွဲ့ဝင်များက တစ်နှစ်တာ ဆောင်ရွက်ချက်များကို ဖတ်ကြားတင်သွင်း အတည်ပြုချက် ရယူကြသည်။

ထို့နောက် အပူဇော်ခံ သဘင်သက်ကြီး ၂၂ ဦးတို့အား ပစ္စည်းနှင့် ထောက်ပံ့ငွေများဖြင့် စုပေါင်းလှူဒါန်းကြပြီး ၂၀၀၉-၂၀၁၀ ခုနှစ်အတွက် လုပ်သားဆုရ အစည်းအရုံးဝင် ၁၂၀ တို့အား ဆုများ ပေးအပ်ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး

သိန်းနီ ဩဂုတ် ၁၄

သိန်းနီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်နေမှုနှင့် မြို့မဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားမှုအား ဇွန် ၁၄ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့်အဖွဲ့ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ ဒု-ဦးစီးမှူး ဦးအောင်ဖေနှင့် အငယ်တန်းအင်ဂျင်နီယာ-၂ ဒေါ်စိုးစိုးထွဋ်တို့က လိုက်လံရှင်းလင်းပြသကြောင်း သိရသည်။ (ပြည်နယ် ပြန်/ဆက်)

ပြည်သူ့ သဘောထား	✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။ ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။ ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။ ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ် မန်တပ် အခြေခံပညာအထက်တန်းကျောင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၄

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်သည် တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၆ ရက် နံနက်ပိုင်းတွင် နမ့်ခမ်း၊ မန်တပ်ကျေးရွာရှိ မန်တပ် တိုက်နယ်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော လူနာများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေး၍ စားသောက်ဖွယ်ရာများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားညွှန်ကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် မန်တပ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်လှူဒါန်းသည်။ တိုင်းမှူးသည် ဩဂုတ် ၇ ရက်တွင် မန်တပ်ကျေးရွာ နယ်မြေခံတပ်ရင်းခန်းမ၌ တပ်နယ်မှအရာရှိ စစ်သည်၊ မိသားစုများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဝန်ကြီး ဦးလှထွန်း ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာန အရာထမ်းများ လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၁/၂၀၁၀) သင်တန်းဆင်းပွဲ၌ အမှာစကားပြောကြား

နေပြည်တော် ဩဂုတ် ၁၄

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန အရာထမ်းများ လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၁/၂၀၁၀) သင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်း တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဝန်ကြီးဦးလှထွန်းက ရသုံးမှန်းခြေငွေစာရင်းဆိုင်ရာ ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းများကို ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အကောင်အထည်ဖော်ရေးဆွဲကြရန်၊ လက်တွေ့နယ်ပယ်တွင် တာဝန်ထမ်းဆောင်ကြသည့်အခါ စိတ်ထားမှန်ကန်ကောင်းမွန်မှု၊ ရိုးဖြောင့်မှန်ကန်တာဝန်သိမှုတို့ကို အခြေခံ၍ သင်တန်းမှရရှိလာသည့် အသိပညာ ဗဟုသုတများပေါင်းစပ်ကာ ဌာန၏ ရည်မှန်းချက်တာဝန်များ ပြည့်ဝမှန်ကန်စွာ ရောက်ရှိစေရေး အလေးထား ကြိုးပမ်းကြရန် အကျယ်တဝင့် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် သင်တန်းတွင် ပထမဆုရ ဦးစီးအရာရှိ ဦးဇော်ဟိန်းထွန်း၊ ဒုတိယဆုရ ဦးစီးအရာရှိ ဒေါ်နှင်းဝေအောင်နှင့် တတိယဆုရ ဦးစီးအရာရှိ ဒေါ်သွယ်သွယ်ထွန်းတို့အား ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ပြီး သင်တန်းသားများကိုယ်စား ဦးစီးအရာရှိ ဦးစံလင်းအား သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်သည်။

အဆိုပါသင်တန်းတွင် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ သင်တန်းသား သင်တန်းသူ ၁၂၈ ဦးတို့သည် ရက်သတ္တ ငါးပတ်ကြာ ရသုံးမှန်းခြေ ငွေစာရင်း ဦးစီးဌာနဆိုင်ရာ ဘာသာရပ်များ၊ ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများကို လေ့လာသင်ယူခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်း ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာန အရာထမ်းများ လုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်း အမှတ်စဉ် (၁/၂၀၁၀) သင်တန်း ဆင်းပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကျေးလက်လမ်း ကွင်းဆင်းဆောင်ရွက်

ကျောက်ထု ဩဂုတ် ၁၄

ကျောက်ထုမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့နယ်တာဝန်ခံ ဦးညဏ်ဦးသည် ကျောက်ထု-ငါလွှန်း ကျေးလက်လမ်းခင်းနေမှု အခြေအနေကို ဇူလိုင် ၃၀ ရက်တွင် ကွင်းဆင်းဆောင်ရွက်ကြောင်းသိရသည်။

(မြို့နယ်စည်ပင်)

အခြေခံပန်းအလှပြုပြင်မှု သင်တန်းဖွင့်လှစ်မည်

ရန်ကုန် ဩဂုတ် ၁၄

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းက ကြီးမှူး၍ အခြေခံပန်းအလှပြုပြင်မှု သင်တန်းအမှတ်စဉ် (၃/၂၀၁၀) ကို စက်တင်ဘာ ၁ ရက်မှ ၈ ရက်အထိ နေ့စဉ် မွန်းလွဲ ၁ နာရီ မှ ညနေ ၃ နာရီအထိ ရန်ကုန်မြို့ ပြည်သူ့ရင်ပြင် အတွင်းရှိ အသင်းရုံးခန်းမဆောင်၌ ဖွင့်လှစ်ရန် စီစဉ်ထားသည်။

သင်တန်းသား၊ သင်တန်းသူ ၄၀ သာ လက်ခံမည်ဖြစ်ရာ တက်ရောက်လိုသူများသည် သင်တန်းကြေး ကျပ်တစ်သောင်းဖြင့် အသင်းရုံး ဖုန်း - ၃၇၉၃၆၁ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(၄၅)

အာဟာရ ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ဩဂုတ် ၁၂ ရက်က နေပြည်တော် အမှတ်(၇) အခြေခံပညာ အထက်တန်းကျောင်း၌ အလှူရှင် ဦးသန်းဦး၊ ဒေါ်စိမ်းဝင့် လယ်လယ်သိန်း မိသားစုက ကျောင်းသား၊ ကျောင်းသူများအား အာဟာရ နို့ထမင်းကျွေးမွေးလှူဒါန်းစဉ်။

(သတင်းစဉ်)

နိုင်ငံတကာ အစားအစာချက်ပြုတ်နည်း သင်ယူလိုသူများအတွက် သင်တန်းသစ်ဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၄

ပြည်တွင်းပြည်ပရှိ Hotel, Restaurant နှင့် အပျော်စီးသင်္ဘောလိုင်းများတွင် တာဝန်ထမ်းဆောင်လိုသူများနှင့် ကိုယ်ပိုင်လုပ်ငန်းတွင် ကျွမ်းကျင်သူတစ်ယောက်အဖြစ် လုပ်ကိုင်လိုသူများအတွက် ရည်ရွယ်၍ International Culinary Course (နိုင်ငံတကာအဆင့် အစားအစာ ချက်ပြုတ်ပြင်ဆင်နည်းသင်တန်း) သင်တန်းအပတ်စဉ်အသစ်ကို ဩဂုတ်လ နောက်ဆုံးပတ်တွင် Star Resources Hospitality Management Academy ၌ဖွင့်လှစ်မည်ဖြစ်သည်။

Institute of Hospitality(UK) နှင့် Institute of AH & LA(USA) မှ သတ်မှတ်ထားသော Course Guide Line များနှင့်အညီ နိုင်ငံတကာအတွေ့အကြုံရှိ ဆရာ၊ ဆရာမများကိုယ်တိုင် တတ်မြောက်ကျွမ်းကျင်အောင် အထောက်အကူပြုပစ္စည်းအစုံအလင်ဖြင့် စနစ်တကျသင်ကြားပေးမည်ဖြစ်သည်။ သင်တန်းတက်ရောက်နေစဉ်နှင့် သင်တန်းတက်ရောက်ပြီးသူများအတွက် လုပ်ငန်းခွင်ဝင်ရောက်နိုင်ရန်နှင့် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်လိုသူများအတွက် လိုအပ်သောအကူအညီများ အခမဲ့ကူညီပေးသွားမည်ဖြစ်သည်။

ထို့အပြင် IELTS Foundation Course နှင့် Intensive Course ကိုလည်း Star Resources Hospitality Management Academy ၌ ဩဂုတ်လ နောက်ဆုံးပတ်တွင် ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ပြီး စိတ်ပါဝင်စားသူများအနေဖြင့် Star Resources Hospitality Management Academy တိုက်(၂၆၇) အခန်း(၃၀၂) ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၂၃၆၂၃ ၊ ၅၂၃၂၀၀၊ ၄၄၁၂၂၅၆ နှင့် ၀၉- ၅၀၂၀၃၀၂ တို့သို့ဆက်သွယ်စုံစမ်း၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဝန်ထမ်းများအားလုံး အမျိုးသားအကျိုးစီးပွားဘက်တော်သား အရည်အသွေးမြင့်မားသည့် မီဒီယာသမားကောင်းများပီပီ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၄

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ (၆၄)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား Auditorium ခန်းမ၌ ကျင်းပရာ ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း တက်ရောက်အမှာစကားပြောကြားပြီး (ယာပုံ) **ထူးချွန်ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်သည်။**

နှစ်ပတ်လည်နေ့ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ကျွမ်းကျင်သူပညာရှင်များ၊ တေးဂီတ စိစစ်ရေးအဖွဲ့ဝင်များနှင့် ဝန်ထမ်းများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့် မြန်မာနိုင်ငံဂီတအစည်းအရုံးတို့မှ အမှုဆောင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဦးကျော်ဆန်းက မီဒီယာ၏စွမ်းဆောင်နိုင်အား ကြီးမားကျယ်ပြန့်ပုံနှင့် နိုင်ငံများနှင့် ၎င်းနိုင်ငံများရှိ ပြည်သူများအပေါ် နယ်ပယ်ကဏ္ဍအသီးသီးတွင် ဩဇာလွှမ်းမိုးသက်ရောက်နိုင်မှုအခြေအနေများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လက်ရှိအခြေအနေများ၊ မိမိတို့ဝန်ကြီးဌာန၏ မီဒီယာကဏ္ဍကို ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့မှုများနှင့် အားသာမှု၊ လွှမ်းခြုံနိုင်မှုများအပေါ် ဝန်ထမ်းများအားလုံးအနေဖြင့် အမျိုးသားအကျိုးစီးပွားဘက်တော်သား အရည်အသွေးမြင့်မားသည့် မီဒီယာသမားကောင်းများပီပီ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်ကြရမည့် တာဝန်များကို အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

ထို့နောက် ဝန်ကြီး ဦးကျော်ဆန်းက နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ချီးမြှင့်သည့် ပြည်သူ့ဝန်ထမ်းကောင်း တံဆိပ်ရရှိကြသော မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းသုံးဦး၊ (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် ဆုရရှိကြသော ဝန်ထမ်းသုံးဦးနှင့် အသံလွှင့်အစီအစဉ်များနှင့် MITV ရုပ်မြင်သံကြား အစီအစဉ်တို့အတွက် ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးက လုပ်ငန်းတာဝန် ကျေပွန်စွာထမ်းဆောင်ခဲ့ကြသော ဌာနခွဲအလိုက် ဝန်ထမ်းများအား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်းက ခွင့်ရက် အနည်းဆုံးယူသည့်ဌာနခွဲအလိုက်ဝန်ထမ်းများနှင့် အထွေထွေထူးချွန်ဆု ရရှိကြသူများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။ထို့နောက် မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်က ပြည်ပအားကစားပြိုင်ပွဲနှင့် ပြည်ပသင်တန်းတို့တွင်ထူးချွန်ဆုရရှိကြသူများ၊ အသံလွှင့်အစီအစဉ်များ ထုတ်လွှင့်ရာတွင် ထူးချွန်ဆုရရှိသူများနှင့် MITV ရုပ်မြင်သံကြား အစီအစဉ် တီထွင်ထုတ်လုပ်ဆု ရရှိကြသူများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးဇော်မင်းဦးက ဌာနခွဲအလိုက် ဝန်ထမ်းများအတွက် ဝတ်စုံစရိတ်များနှင့် ဝန်ထမ်းများ၏ သားသမီးများအတွက် ပညာသင်စရိတ်များကို တာဝန်ရှိသူများအား ပေးအပ်သည်။

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများက တေးသံသာများ၊ တိုင်းရင်းသားရိုးရာ အကများနှင့် တစ်ခန်းရပ်ပြဇာတ်တို့ဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဦးကျော်ဆန်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကချီးမြှင့်သည့် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ် ရရှိသော မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ချင်းပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်း ဟားခါးမြို့နယ် ဌာနဆိုင်ရာ လက်ဖက်စိုက်ခင်းစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၄

ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဟုန်းငိုင်းသည် ဇူလိုင် ၂၈ ရက် နံနက်ပိုင်းတွင် ဟားခါးမြို့နယ်အတွင်း လက်ဖက် စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းမှုနှင့် ပေါင်းရှင်းနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ပြည်နယ်ဥက္ကဋ္ဌသည် ဇူလိုင် ၃၀ရက်တွင် ဟားခါးမြို့ စစ်မှုထမ်းဟောင်းအိမ်ရာများ တည်ဆောက်ပြီးစီးမှုကို လိုက်လံကြည့်ရှုစစ်ဆေးပြီး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ ပျိုးပင်များကို စိုက်ပျိုးပေးသည်။

ဆက်လက်၍ ဌာနပိုင်လက်ဖက်ခင်းများ အောင်မြင်ဖြစ်ထွန်းမှုနှင့် သောက်သုံးရေကန် ပြုပြင်ထိန်းသိမ်းမှု၊ သီမစ်ဒေသမိုးစပါးစိုက်ပျိုးထားရှိမှုနှင့် ပျိုးပင်ထိန်းသိမ်းမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာအုပ်စာပေ
လူ့မိတ်ဆွေ

ဖလားဝါးနယူးစ်ဂျာနယ် ထွက်ရှိ

ရန်ကုန် ဩဂုတ် ၁၄

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၆) အမှတ်(၃၁)တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ နိုဝင်ဘာ ၇ရက်တွင် ကျင်းပမည်ဟု ကော်မရှင်က ထုတ်ပြန်ကြေညာ၊ ဈေးကြီးများရှိ ကြွက်များကို ဖမ်းဆီးစစ်ဆေးနေ၊ ကိုရီးယားသို့ မြန်မာလုပ်သားပို့ဆောင်မှု အကန့်အသတ်မရှိ ရွှေ့ဆိုင်းထား၊ သွေးကြောနှင့် ပတ်သက်သောရောဂါများ ပျောက်ကင်းသည့် နေရောင်ခြည်စွမ်းအင်သုံးလက်စွပ် ပြည်တွင်းတွင် ဝယ်နိုင်ပြီ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ ပေးသွင်းရမည့်အခွန်အခလျှော့ချ၊ တန် ၃၀၀၀နှင့်အထက်ရှိ နိုင်ငံခြားသင်္ဘောကြီးများကို ပြည်တွင်းကုမ္ပဏီတစ်ခုက ရေကြောင်းပို့ဆောင်ရေးနှင့် ပူးပေါင်းတည်ဆောက်ရန်စီစဉ်၊ အင်းစိန်ဗဟိုအကျဉ်းထောင်တွင် ဒေါက်တာအရှင်ဉာဏိဿရတရားပွဲ ကျင်းပမည်၊ ဖောက်ပြန်မှုမရှိသည့် အိမ်ထောင်ရှင်အမျိုးသမီးများတွင်လည်း အိတ်ချ်အိုင်ဗွီပိုးကူးစက်ခြင်းခံနေရစသည့် ပြည်တွင်းရေးရာသတင်းများနှင့်အတူ အသည်းကြားက မဲတစ်ပြား ဘယ်သူ့ကိုယုံလို့ ပုံမလဲ POLITICAL COLUMN၊ ခေါင်းဆောင်နှင့် နောက်လိုက် Myanmar CHANNEL၊ တောရိုင်းတိရစ္ဆာန်များကာကွယ်ရေး အလေးပေးဆောင်ရွက်ကြပါစို့ Myanmar DISCOVERY၊ ဂင်းနက်စ်ကမ္ဘာ့စံချိန် မှတ်တမ်းဝင်ခွင့်မရလိုက်သည့် ပုဂံသူ မဇီးကွက်စိန်၏ ကုန်လွန်ခဲ့သောပုံရိပ်များ၊ မြန်မာတို့၏ ကိုးကွယ်မှုစရိုက်နှင့် ခေါင်းလောင်း(၃)ကဲ့သို့သော ဖတ်စရာ မှတ်စရာဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

'ကုလသမဂ္ဂမှာ ဘာတွေမှားနေလဲ' အမေရိကန်နိုင်ငံရေး သိပ္ပံပညာရှင်သောမတ်ဝစ်နှင့် THE STRAITS TIMES သတင်းစာတို့ တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာအင်တာဗျူးဆောင်းပါးနှင့်အတူ သူလျှိုကစားပွဲထဲ တရုတ်လည်း ဝင်ပါ၊ ရေနံဈေးနှုန်း၊ မငြိမ်သက်မှုက တည်ငြိမ်ရေးကို ကြိုးပမ်းရမည့်အနေအထားဖြစ်၊ အနာဂတ်ကျွမ်းဘားမောင်မယ်လေးတွေ တရုတ်ပျိုးထောင်၊ အလုပ်ဖြုတ်ခံရသည့် ယာဉ်မောင်းက ကုမ္ပဏီလူကြီးများကို သေနတ်ဖြင့်ပစ်သတ်ကာ မိမိကိုယ်မိမိ အဆုံးစီရင်သွားခဲ့၊ ညဘက်တွင် အိပ်ကောင်းခြင်း အိပ်ပျော်စေသည့်အချက် ရှာတွေ့ပြီ၊ မိတ်ဆွေအပေါင်းအသင်းကောင်းကြောင့် ပို၍အသက်ရှည်စေနိုင်၊ ကိုယ်ထည် အောက်ဘက်မှ အခြားကားများ ဖြတ်သန်းမောင်းနိုင်သော သရီးဒီဘတ်စ်ကား တရုတ်တွင် ထုတ်လုပ်မည်၊ နိုင်ငံခြားသီးနှံပို့ကုန်တင်ပို့မှု ရုရှားပိတ်ပင် စသည့် နိုင်ငံတကာသတင်းများ၊ သတင်းဓာတ်ပုံများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House မှ မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၅-၈-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	တရားတော်
၇း၂၀	၃။	အရှင်ဇနကာဘိဝံသ ထေရုပ္ပတ္တိ -မဂ္ဂင်ယာဉ်ကြီးအမြန်စီး ခရီးထွက်တော့မည်
၇း၂၅	၄။	ဓမ္မပူဇာတေး
၇း၃၀	၅။	မျိုးချစ်တပ်မတော်
၇း၃၅	၆။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၄၀	၇။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၉။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၁၀။	မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀	၁၁။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၂။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၃။	ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၁း၀၀	၁။	မြဝတီအဖွင့်
၁၁း၀၅	၂။	အဖွင့်သီချင်း
၁၁း၁၀	၃။	မျိုးချစ်တပ်မတော်
၁၁း၃၀	၄။	**ကာတွန်းအစီအစဉ် -အမြွာစုံထောက် (အပိုင်း-၃၀)**
၁၂း၀၀	၅။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အလွမ်းခြွေတဲ့နွေ**
၁း၀၀	၆။	ကျန်းမာသုတ
၂း၀၀	၇။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ကြင်နာသူရဲ့ချစ်ရိပ် (အပိုင်း-၆၁)**
၂း၅၅	၈။	အပိတ်နှုတ်ဆက်စကား
၂း၅၀	၉။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	မျိုးချစ်တပ်မတော်
၄း၂၅	၄။	မြတ်နိုးကြစေ အမျိုးသားအမွေ
၄း၃၅	၅။	မြန်မာသံစဉ်ချိုနားဝင်
၄း၄၅	၆။	သာယာသီကြွေး ခေတ်ဆန်းတေး
၄း၅၅	၇။	သံစဉ်များနှင့်ကမ္ဘာ
၆း၀၀	၈။	မြဝတီရုပ်မြင်သံကြား သတင်း
၆း၂၀	၉။	အမျိုးသားရေး တေးကဗျာ
၆း၃၀	၁၀။	ဘဝကြေးမုံ (လင်ရယ်မယားရယ်) (မင်းဦး၊ မိုးထက်ပိုင်၊ ရတနာခင်၊ ခိုင်ပွင့်) [ဒါရိုက်တာ-ဆဲဗင်း(အိုင်စီ)]
၆း၅၀	၁၁။	ဂင်းနစ်ကမ္ဘာ့စံချိန်တင် ပြိုင်ပွဲများ
၇း၀၀	၁၂။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -စိမ်းရောင်ခြယ် လှည်းကလေး (အပိုင်း-၃၉)**
၈း၀၀	၁၃။	မြဝတီရုပ်မြင်သံကြား သတင်း
	၁၄။	နိုင်ငံတကာသတင်း
	၁၅။	မိုးလေဝသသတင်း
	၁၆။	အမျိုးသားရေးတေးကဗျာ
	၁၇။	ကျန်းမာသုတ
	၁၈။	ပဟေဠိနန်းတော်
	၁၉။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၀။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - တိမ်လွှာကြားက သိုင်းသမား (အပိုင်း-၆)**
	၂၁။	လင်းရောင်စဉ်အတွက် ပုံရိပ်များ (အပိုင်း-၁၉)
	၂၂။	သင့်အတွက်မနက်ဖြန်
	၂၃။	အပိတ်နှုတ်ဆက်စကား
	၂၄။	ပြီးပါပြီ။

တရုတ်အရှေ့ပိုင်း၌ ဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ပွား လူပေါင်း ၂၀၀၀ ကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေး

ဟန်ကျိူ့ ဩဂုတ် ၁၄

တရုတ်နိုင်ငံအရှေ့ပိုင်း ဇီကျန်ပြည်နယ်ရှိ ဓာတုဗေဒစက်ရုံမှ အဆိပ်ဖြစ်စေသောဓာတ်ငွေ့ယိုစိမ့်မှုကြောင့် မီးသတ်တပ်ဖွဲ့ဝင်ငါးဦး ဆေးရုံတင်ပို့ရပြီး သောကြာနေ့ညပိုင်းက ဒေသခံ ၂၀၀၀ ကျော်အား ဘေးကင်းရာဒေသသို့ ရွှေ့ပြောင်းပေးရသည်ဟု တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပြည်နယ် မြို့တော် ဟန်ကျိူ့တွင် မတော်တဆဖြစ်ပွားပြီးနောက် ဩဂုတ် ၁၄ ရက်က မီးသတ်တပ်ဖွဲ့ဝင် ငါးဦး အနက် တစ်ဦးကို ဆေးရုံ၌ အထူးကြပ်မတ်ကုသနေရဆဲဖြစ်ကြောင်း၊ ကျန် မီးသတ်သမားလေးဦးသည် ဆေးရုံ၌ တင်ထားရသော်လည်း အန္တရာယ်မရှိ တော့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဩဂုတ် ၁၃ ရက် ည ၇ နာရီခန့်က စီယန်ဖူမြို့ ဓာတုဗေဒစက်ရုံရှိ အဆိပ်ဖြစ်စေသောပစ္စည်းများ သိုလှောင်ရုံ၌ အခိုးအငွေ့များ ယိုစိမ့်နေသည်ကို တွေ့ရှိခဲ့သည်။

ည ၇ နာရီ ၁၉ မိနစ်ခန့်၌ အခင်းဖြစ်ပွားသည့်နေရာသို့ မီးသတ်တပ်ဖွဲ့များ ရောက်ရှိခဲ့ပြီး ဒေသခံများကို ရွှေ့ပြောင်းပေးရန် စတင်ခဲ့သည်။ စက်ရုံအတွင်းမှ လူ ၂၀ ကို ကယ်တင်ခဲ့ပြီး လူ ၂၀၀၀ ကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့သည်။ မီးသတ်သမားငါးဦး ဓာတ်ငွေ့အဆိပ်သင့်သဖြင့် ဆေးရုံသို့ တင်ပို့လိုက်ရသည်။

အမ်အင်အေ၊ဆင်ဟွာ။

အာဖဂန်နစ္စတန်တောင်ပိုင်း၌ နေတိုးတပ်ဖွဲ့ဝင်သေဆုံး

ကဘူး ဩဂုတ် ၁၄

အာဖဂန်နစ္စတန်နိုင်ငံ တည်ငြိမ်မှုမရှိသော တောင်ပိုင်းဒေသ၌ ဩဂုတ် ၁၄ ရက်က နေတိုးဦးဆောင်သော နိုင်ငံတကာလုံခြုံရေး အထောက်အကူပြုတပ်ဖွဲ့(အိုင်အက်စ်အေအက်ဖ်) တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးခဲ့ကြောင်း၊ စစ်ဖြစ်ပွားသောနိုင်ငံ၌ လွန်ခဲ့သောနှစ်ရက်ကျော်အတွင်း နိုင်ငံစုံတပ်ဖွဲ့၏ သေကျေဒဏ်ရာရရှိမှုအရေအတွက်သည် သုံးဦးအထိဖြစ်လာကြောင်း အိုင်အက်စ်အေအက်ဖ်က သတင်းထုတ်ပြန်ခဲ့သည်။

ထပ်မံသေဆုံး

သောကြာနေ့ကလည်း အာဖဂန်နစ္စတန်တောင်ပိုင်း ဒေသ၌ အလားတူ တိုက်ခိုက်မှုများကြောင့် အိုင်အက်စ်အေအက်ဖ်တပ်ဖွဲ့ဝင်နှစ်ဦး ထပ်မံသေဆုံးခဲ့သည်။

ဖော်ပြခြင်းမရှိ

သို့သော်လည်း နိုင်ငံစုံတပ်ဖွဲ့က သေဆုံးသူသည် မည်သည့်နိုင်ငံသားဖြစ်သည်ကို ဖော်ပြခြင်းမရှိချေ။

အာဖဂန်နစ္စတန် တောင်ပိုင်းတွင် အမေရိကန်၊ ဗြိတိန်၊ ကနေဒါ၊ ဩစတြေးလျနှင့် ဟော်လန်တပ်ဖွဲ့ဝင်များ တာဝန်ထမ်းဆောင်လျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဂူအမ်ကျွန်း၏ တောင်ဘက်တွင် ငလျင်လှုပ် ဆူနာမီမဖြစ်

ဂူအမ် ဩဂုတ် ၁၄

မာရီယာနာကျွန်း၏ တောင်ဘက်၌ စနေနေ့ညနေပိုင်းတွင် ပြင်းအား ၆ ဒသမ ၃မဂ္ဂနီကျူရှိသောငလျင်လှုပ်သွားကြောင်း၊ အန္တရာယ်ပေးနိုင်သည့် အနေအထားမရှိကြောင်း မြေငလျင်ကျွမ်းကျင်ပညာရှင်တစ်ဦးက ပြောကြားသည်။

ဂူအမ်ကျွန်းမြို့တော် ဟာဘက်နာ၏ အနောက်တောင်ဘက် ၂၃၄မိုင်အကွာတွင် ဗဟိုပြု၍ ဒေသစံတော်ချိန် ညနေ ၅ နာရီ မိနစ် ၃၀ ၌ ပြင်းအား ၆ဒသမ ၃ရှိသော မြေငလျင်လှုပ်သွားကြောင်း အမေရိကန် ဘူမိဗေဒလေ့လာရေးဌာနမှ ကြေညာသည်။

ဆူနာမီပေါ်ပေါက်လာနိုင်သည်အထိ အင်အားမပြင်းထန်ဟု ဆိုသည်။

အင်တာနက်။

လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် အာဖဂန်တပ်ဖွဲ့ဝင် လေးဦးသေဆုံး

လက်ရှ်ကာဂါဒ့် ဩဂုတ် ၁၄

အာဖဂန်နစ္စတန်တောင်ပိုင်း ဟဲလ်မန့်ပြည်နယ်တွင် အလုံပိတ်ကားတစ်စီးသည် လမ်းဘေးထောင်ဗုံးတစ်လုံးကို နင်းမိသဖြင့် ရဲတပ်ဖွဲ့ဝင်လေးဦး သေဆုံး၍ လေးဦးဒဏ်ရာရရှိသွားကြောင်း ပြည်နယ်အုပ်ချုပ်ရေးဌာနမှ ပြောခွင့်ရပုဂ္ဂိုလ် ဒေါက်အာမာဒီကစနေနေ့တွင် ပြောကြားသည်။

ပြောကြား

စနေနေ့ နံနက်ပိုင်းက ဂီယာရှတ်ခရိုင်တွင် အဆိုပါဖြစ်ရပ်ဖြစ်ပွားကြောင်း၊ ရဲတပ်ဖွဲ့ဝင်လေးဦးမှာ နေရာတွင် ပွဲချင်းပြီးသေဆုံးသွားကြောင်း အာမာဒီက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ယင်းလုပ်ရပ်သည် တာလီဘန်စစ်သွေးကြွများ၏ လက်ချက်ဟု စွပ်စွဲနိုင်သော်လည်း မည်သည့်အုပ်စု၏လက်ချက်ဟု မပြောကြားနိုင်ချေ။

တာလီဘန် စစ်သွေးကြွများသည် အာဖဂန်တပ်ဖွဲ့ဝင်များနှင့်နေတိုးဦးဆောင်သော တပ်ဖွဲ့ဝင်များအား လမ်းဘေးဗုံးနှင့် တိုက်ခိုက်ခြင်း၊ အသေခံဗုံးခွဲတိုက်ခိုက်ခြင်းများဖြင့် တိုက်ခိုက်လေ့ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘဂ္ဂဒက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင် ငါးဦးသေဆုံး

ဘဂ္ဂဒက် ဩဂုတ် ၁၄

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် တိုက်ခိုက်မှုများဖြစ်ပွားရာ အီရတ်ရဲတပ်ဖွဲ့ဝင်လေးဦးနှင့် နိုးကြားရေးကောင်စီအုပ်စုမှ အဖွဲ့ဝင်တစ်ဦး စနေနေ့ နံနက်က သေဆုံးသွားကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှလာသောသတင်းတွင် ဖော်ပြသည်။

အီရတ်နိုင်ငံ အရှေ့ပိုင်းရှိ ဘဂ္ဂဒက်မြို့ သစ်ရပ်ကွက်တွင် သေနတ်သမားများက ရဲတပ်ဖွဲ့စစ်ဆေးရေးစခန်းအတွင်း အသံတိတ်ကိရိယာတပ်ဆင်ထားသော ပစ္စတိုသေနတ်များဖြင့် ဝင်ရောက်ပစ်ခတ်ရာ ရဲတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ဘဂ္ဂဒက်မြို့တောင်ပိုင်း အယ်လ်-အမေးလ်ခရိုင်ရှိ ရဲတပ်ဖွဲ့လုံခြုံရေးစစ်ဆေးရေးစခန်းကိုလည်း အခြားသေနတ်သမားများက အသံတိတ်ကိရိယာ တပ်ဆင်ထားသော ပစ္စတိုများဖြင့် ဝင်ရောက်ပစ်ခတ်ရာ ရဲတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးသွားသည်ဟုဆိုသည်။

အယ်လ်-အမေးလ်ခရိုင်တွင်ပင် အရပ်သားကားတစ်စီးကို ဗုံးဖောက်ခွဲရာ ထိုနေရာသို့ အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များရောက်ရှိလာစဉ် ဒုတိယဗုံးတစ်လုံး ဖောက်ခွဲရာ ရဲတပ်ဖွဲ့ဝင်တစ်ဦးနှင့် အရပ်သားတစ်ဦး ဒဏ်ရာများ ရရှိသွားသည်။

ဘဂ္ဂဒက်မြို့ အရှေ့မြောက်ပိုင်း ရှတ်ခရိုင်၌ အစိုးရကျောထောက်နောက်ခံပြု နိုးကြားရေးကောင်စီအုပ်စုရှိရာ လုံခြုံရေးစစ်ဆေးရေးစခန်း၌ သောင်းကျန်းသူများက အသံတိတ်ကိရိယာတပ်ဆင်ထားသော သေနတ်ဖြင့်ပစ်ခတ်ရာ အဖွဲ့ဝင်တစ်ဦးသေဆုံးသွားကြောင်း၊ အခြားနှစ်ဦး ဒဏ်ရာရရှိသွားကြောင်း သတင်းများအရ သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

ဩဂုတ် ၁၄ ရက် နံနက်ပိုင်းတွင် သောင်းကျန်းသူများက ရဲတပ်ဖွဲ့ဝင်နှစ်ဦးကို ပစ်သတ်ခဲ့သော စစ်ဆေးရေးစခန်းကိုတွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ပါကစ္စတန်နိုင်ငံ ဘလူချီစတန်ပြည်နယ်၌ ခရီးသည်ယာဉ်တစ်စီး တိုက်ခိုက်ခြင်းခံရရာ ၁၀ဦးသေ၍ ရှစ်ဦးဒဏ်ရာရရှိသည်။ ဒဏ်ရာရရှိသူအချို့ကို ဒေသဆိုင်ရာဆေးရုံ၌ ဩဂုတ် ၁၄ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပါကစ္စတန်တွင် ခရီးသည်တင်ယာဉ် တိုက်ခိုက်ခံရ၍ ၁၀ ဦးသေဆုံး

အစ္စလာမ္မာဘတ် ဩဂုတ် ၁၄

ပါကစ္စတန်နိုင်ငံအနောက်တောင်ပိုင်းရှိ ဘလူချီစတန်ပြည်နယ်တွင် စနေနေ့ နံနက်ပိုင်းက ခရီးသည်တင်ကားတစ်စီး တိုက်ခိုက်ခံရရာ ၁၀ ဦးထက်မနည်း သေဆုံး၍ ရှစ်ဦးဒဏ်ရာရရှိသွားကြောင်း ဒေသဆိုင်ရာမှလာသော သတင်းများတွင် ဖော်ပြသည်။

ဘလူချီစတန်ပြည်နယ် မြို့တော်ကွတ်တား၏ အရှေ့တောင်ဘက်ရှိ မက်ချ်မြို့အနီးတွင် အမည်မသိ သေနတ်သမားများက ခရီးသည်တင်ကားကို ပစ်ခတ်ကြခြင်းဖြစ်သည်။

သေဆုံးသူများနှင့် ဒဏ်ရာရရှိသွားသူများကို ကွတ်တားရှိ အရပ်ဘက်ဆိုင်ရာဆေးရုံသို့တင်ပို့လိုက်ရာ ဒဏ်ရာရရှိသူအချို့မှာ ဒဏ်ရာပြင်းထန်ကြောင်း သိရသည်။ ဘလူချီစတန်တွင် စနေနေ့က ဖြစ်ပွားသော အကြမ်းဖက်မှုသည် နှစ်ရက်အတွင်းအပြင်းထန်ဆုံးဖြစ်ကြောင်း၊အခင်းဖြစ်ပွားရာ နေရာတစ်ဝိုက်ကို ရဲတပ်ဖွဲ့က ဝိုင်းဝန်းပိတ်ဆို့ကာ စုံစမ်းရှာဖွေခြင်းများ ပြုလုပ်နေကြောင်း၊ မည်သည့်အုပ်စု၏ လက်ချက်ဖြစ်သည်ကို သေချာစွာ မသိရသေးကြောင်း သတင်းတွင်ဖော်ပြပါရှိသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

တရုတ်နိုင်ငံတွင် မြေပြိုခြင်းကြောင့် သေဆုံးသူပေါင်း ၁၁၀၀ ကျော်ရှိရာ ကယ်ဆယ်ရေးအဖွဲ့တစ်ဖွဲ့၏ ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်နေသည်ကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

တရုတ်မြေပြိုမှု သေဆုံးသူ ၁၁၅၆ ဦးရှိ

ကျောက်ရှူး(တရုတ်) ဩဂုတ် ၁၄

တရုတ်နိုင်ငံကျန်စူးပြည်နယ် အနောက်မြောက်ပိုင်း၌ ကြီးမားစွာ မြေပြိုခြင်းကြောင့် သေဆုံးသူဦးရေသည် သောကြာနေ့ ညနေ ၄ နာရီအချိန်ထိ ၁၁၅၆ ဦးရှိ၍ ၅၈၈ ဦး ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ပြောကြားသည်။

အသက်မသေ လွတ်မြောက်လာသူ ၁၅၀၀ တို့သည် ရွက်ထည်တဲများ၊ စာသင်ကျောင်းများတွင် နေထိုင်ကြပြီး ၈၃၀၀ မှာ ဆွေမျိုးများ၊ မိတ်ဆွေများ၏အိမ်တွင် ဝင်ရောက်ခိုလှုံနေရကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ကျောက်ရှူးမြို့အတွင်း ရေ၊ မီးနှင့် ဆက်သွယ်ရေးတို့မှာ ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိလာပြီဖြစ်သည်။ ပြည်နယ်ပြန်ကြားရေးရုံးမှ သောကြာနေ့တွင် ကြေညာချက်ထုတ်ပြန်ရာ၌ လျှပ်စစ်မီးကို အဓိကဒေသများတွင် ပြန်လည်ပေးဝေလျက်ရှိပြီး နေအိမ်များသို့ ၆၀ ရာခိုင်နှုန်း ပေးကြောင်း ဖော်ပြထားသည်။

ကျန်စူးပြည်နယ်တွင် သောကြာနေ့ ညနေပိုင်းအထိ အလှူငွေနှင့် ကယ်ဆယ်ရေးပစ္စည်း စုစုပေါင်းတန်ဖိုး ယွမ် ၁၂၀ ဒသမ ၄သန်း(အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၇ သန်း)ကို လက်ခံရရှိပြီဖြစ်ကြောင်း ပြည်နယ်မြို့ပြရေးရာဌာနက ကြေညာသည်။

မလွယ်ကူ

ဘိုစ်လောင်းမြစ်အတွင်း၌ ရေစီးကြောင်းအား ပိတ်ဆို့နေသော အပျက်အစီးများကို ကယ်ဆယ်ရေးအလုပ်သမားများက ဆက်လက်ဖယ်ရှားရှင်းလင်းလျက်ရှိသည်။ ကယ်ဆယ်ရေးသမားများသည် သေဆုံးသူများ၏ အလောင်းများကို ဆက်လက်တူးဖော်ရှာဖွေနေသော်လည်း နက်ရှိုင်းစွာနစ်မြှုပ်နေသော အလောင်းများကိုမူ ရှာဖွေရန် မလွယ်ကူဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘိုလီးဗီးယားနှင့် ပီရူး ကုန်သွယ်သဘောတူစာချုပ် လက်မှတ်ရေးထိုး

လာပက်ဇ် ဩဂုတ် ၁၄

နှစ်နိုင်ငံကုန်သွယ်ရေးလုပ်ငန်းတွင် အကျိုးတူ ပူးပေါင်းလုပ်ဆောင်ရေး မြှင့်တင်မှုအတွက် ဘိုလီးဗီးယားနိုင်ငံနှင့် ပီရူးနိုင်ငံတို့က သောကြာနေ့တွင် လက်မှတ်ရေးထိုးလိုက်ကြကြောင်း ဘိုလီးဗီးယားနိုင်ငံ ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ထိုသဘောတူညီချက်အရ နှစ်နိုင်ငံကုန်သွယ်ရေးတွင် ပိုမိုအားကောင်းလာမည့်အပြင် အခြားနိုင်ငံများရှိ စီးပွားရေးလုပ်ငန်းများနှင့်ပါ ပူးပေါင်းလုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း ဘိုလီးဗီးယားနိုင်ငံရှိ ပြည်ပသို့ ကုန်စည်တင်ပို့ရေးအေဂျင်စီမှ ညွှန်ကြားရေးမှူး ဂျေဗီယာဗီရာက ပြောကြားသည်။

ယင်းသို့နှစ်နိုင်ငံပူးပေါင်းလုပ်ဆောင်ခြင်းဖြင့် ဈေးကွက်အသီးသီးမှ သတင်းများ ရရှိနိုင်၍ စီးပွားရေးအရ အကျိုးအမြတ်ရှိကြောင်း၊ အရေးသာကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်ကြောင့် စီးပွားရေးလုပ်ငန်းငယ်များအတွက်လည်း အထောက်အကူရနိုင်ကြောင်း ဂျေဗီယာဗီရာက ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

အင်တာနက် သဘာဝဘေးအန္တရာယ်သတင်း

မိုးရွာသွန်းမှုကြောင့် မော်စကိုတွင် မီးခိုးမြူလွင့်ပါးပျောက်ကွယ် ရုရှားနိုင်ငံအခြားဒေသများ၌ တောမီးဆက်လက်လောင်ကျွမ်းနေ

မော်စကို ဩဂုတ် ၁၄

ရုရှားနိုင်ငံမြို့တော်မော်စကိုအနီးဝန်းကျင်၌ တောမီးများလောင်ကျွမ်းမှုမှာ သိသိသာသာလျော့ပါးသက်သာ သွားပြီဖြစ်ကြောင်း၊ မော်စကိုဒေသ၌ မိုးရွာသွန်းမှုကြောင့် တောမီးလောင်ကျွမ်းမှုအခြေအနေလျော့ပါးကာ မီးခိုးမြူလွှမ်းခြုံမှု လွင့်ပါးပျောက်ကွယ်ပြီဖြစ်ကြောင်း၊ သို့ရာတွင် ရုရှားနိုင်ငံရှိ အခြားသော နေရာဒေသများ၌ တောမီးများဆက်လက်လောင်ကျွမ်းနေဆဲဖြစ်ကြောင်း ယနေ့ သတင်းများတွင် ဖော်ပြသည်။

ရုရှားနိုင်ငံ အလယ်ပိုင်းနှင့် အနောက်ပိုင်းဒေသတို့၌ ရက်သတ္တပတ်အတန်ကြာမျှ တောမီးလောင်ကျွမ်းမှုများ အကြီးအကျယ်ဖြစ်ပွားခဲ့ပြီးနောက် မော်စကိုဒေသတွင် တိုးတက်သည့် လက္ခဏာများကို တွေ့မြင်လာရခြင်းဖြစ်သည်။

ရုရှားနိုင်ငံတစ်ဝန်းတွင် တောမီးလောင်ကျွမ်းမှုများကြောင့် လူပေါင်း ၅၀ကျော်သေဆုံးခဲ့ရပြီး လူရာပေါင်းများစွာမှာ အိုးမဲ့အိမ်မဲ့ဖြစ်ကြရသည်။

ရုရှားနိုင်ငံတွင် တောမီးလောင်ကျွမ်းမှုသည် စံချိန်တင်ရလောက်အောင် အပူလှိုင်းကျရောက်မှုနှင့် ဆက်စပ်လျက်ရှိသည်။

တောမီးလောင်ရာမှထွက်ပေါ်လာသောမီးခိုးများကြောင့် မော်စကိုဒေသ၌ ရက်ပေါင်းအတန်ကြာမျှ မီးခိုးမြူများ အုံ့ဆိုင်းနေခဲ့သည်။ မော်စကိုတွင် လေထုညစ်ညမ်းမှုအခြေအနေ တိုးတက်ကောင်းမွန်လာပြီဖြစ်သော်လည်း လေတိုက်ခတ်မှုကြောင့် မီးခိုးများ ပြန်လည်လွင့်မျော ရောက်ရှိလာနိုင်သည့် အနေအထား ရှိနေသေးသည်။

မော်စကိုဒေသ အနီးဝန်းကျင်တွင် တောမီးလောင်ရာ နေရာအရေအတွက် ထက်ဝက်ခန့်ကျဆင်းခဲ့ရာ ၁၆ နေရာတွင်သာ ဆက်လက်မီးလောင်မှုရှိမည်ဟု သိရသည်။

ရုရှားနိုင်ငံတစ်ဝန်းတွင် ဩဂုတ် ၁၃ ရက်က နေရာပေါင်း ၅၀၀ကျော်၌ တောမီးလောင်ကျွမ်းခဲ့ရာမှ ယခုအခါ နေရာပေါင်း ၄၈၀တွင် တောမီးဆက်လက်လောင်ကျွမ်းလျက်ရှိသည်။

အဆိုးရွားဆုံး တောမီးလောင်ကျွမ်းရာနေရာများမှာ နိုင်ငံအလယ်ပိုင်းရှိ နီဇာနီနိုဂိုရော့ဒ်နှင့် ဇာယာဇန် ဒေသတို့ဖြစ်ကြသည်။ လေတိုက်ခတ်မှုကြောင့် မီးလောင်ရာ လေပင့်ဖြစ်ရသည်။

ရက်သတ္တသုံးပတ်ကြာ တောမီးလောင်ကျွမ်းမှုအတွင်း မြို့ငယ်အချို့နှင့် ကျေးရွာအချို့မီးလောင်ခဲ့ရသည်။ ၎င်းအပြင် ကောက်ပဲသီးနှံစိုက်ခင်းများ ပျက်စီးခဲ့ရသဖြင့် ယခုနှစ်တွင် ပြည်ပသို့ ကောက်ပဲသီးနှံတင်ပို့နိုင်တော့မည်မဟုတ်ကြောင်း၊ သဘာဝကပ်ဘေးကြောင့် ပြည်တွင်းအသားတင်ထုတ်လုပ်မှု တန်ဖိုး (ဂျီဒီပီ)၏ တစ်ရာခိုင်နှုန်း ဆုံးရှုံးနစ်နာရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ထိုစဉ်အတွင်း မော်စကိုအရှေ့ဘက်မိုင် ၃၀၀ အကွာ ဆာရော့မြို့ရှိ နျူကလီးယားသုတေသနဌာနနှင့် နီးကပ်သော နေရာတစ်နေရာတွင် တောမီးလောင်ကျွမ်းမှု အသစ်တစ်ခု ဖြစ်ပွားကြောင်း၊ နောက်ထပ်မီးသတ်တပ်ဖွဲ့ဝင်များကိုစေလွှတ်ပေးလျက်ရှိကြောင်း အရေးပေါ်လုပ်ငန်းများ ဝန်ကြီးဌာနက ပြောကြားသည်။

အင်တာနက်။

ပါကစ္စတန်နိုင်ငံ အလယ်ပိုင်း မီသန်ကော့ ဒေသ၌ ရေလွှမ်းနေသဖြင့် နေအိမ်များတစ်ဝက်ခန့် ရေမြုပ်နေသည်ကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ပါကစ္စတန် ရေဘေးဒုက္ခသည် သန်း ၂၀ ရှိကြောင်း ဝန်ကြီးချုပ်ပြောကြား

အစ္စလာမ္မာဘတ် ဩဂုတ် ၁၄

ပါကစ္စတန်နိုင်ငံတွင် ရေဘေးဒဏ်ခံရသော လူဦးရေသည် သန်း ၂၀ ရှိကြောင်း ကုလသမဂ္ဂက ခန့်မှန်းသော ၁၄ သန်းထက်များပြားစွာပိုကြောင်း ဝန်ကြီးချုပ် ယူဆွတ် ဂီလာနီက ပြောကြားလိုက်သည်။

လွန်ခဲ့သော ၆၃နှစ်က ဗြိတိသျှကိုလိုနီနယ်ချဲ့အောက်မှ လွတ်မြောက်ခဲ့သည့် အထိမ်းအမှတ်အဖြစ် အကျဉ်းရုံး ကျင်းပသောလွတ်လပ်ရေးနေ့တွင် တိုင်းပြည်သို့ မိန့်ခွန်းပြောကြားရာ၌အထက်ပါအတိုင်း ထည့်သွင်းပြောကြားခြင်း ဖြစ်သည်။

ဆွတ်တောင်ကြားဒေသတွင် ရေဘေးဒုက္ခသည်များ၌ ကာလဝမ်းရောဂါ အနည်းဆုံးတစ်ဦး ဖြစ်ပွားကြောင်း ကုလသမဂ္ဂကအတည်ပြုပြောကြားသည်။ ရေလွှမ်းမိုးသောဒေသများတွင်ရေကြောင့် ဖြစ်သော ရောဂါများ ကာကွယ်ရေးလုပ်ငန်းတို့ကို ကျန်းမာရေးလုပ်သားများက တိုးမြှင့်လုပ်ဆောင်နေကြသည်။

ဝန်ကြီးချုပ်၏ မိန့်ခွန်းတွင် လူဦးရေ သန်း ၂၀ အိုးမဲ့အိမ်မဲ့ ဖြစ်ကြရသည်ဟု ဆိုသော်လည်း ၎င်းတို့၏ နေအိမ်များမှ ဖိအားပေးမှုကြောင့် ခေတ္တယာယီထွက်ခွာခဲ့ကြရသော လူဦးရေကမည်မျှရှိသည်၊ နေအိမ်များ ဆုံးရှုံးသွားသော လူဦးရေက မည်မျှရှိသည် ဆိုသည်မှာမူ ရှင်းရှင်းလင်းလင်း မရှိကြောင်း အေပီသတင်းဌာနက ဖော်ပြသည်။

နှစ်ပေါင်း ၈၀ အတွင်းမှာ အဆိုးရွားဆုံးသော ရေကြီးမှုဖြစ်ပြီး လူဦးရေ သန်းပေါင်း ၁၈၀ ရှိသည့် အနက် ၁၄ သန်းမှာ ရေဘေးဒုက္ခခံစားကြရကြောင်း၊ သေဆုံးသူဦးရေမှာ ၁၆၀၀ ကျော်ရှိကြောင်း ကုလသမဂ္ဂက စောစောပိုင်းက ကြေညာခဲ့ပြီးဖြစ်သည်။

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူး ဘန်ကီမွန်းသည် စနေ၊ တနင်္ဂနွေရက်များတွင် ပါကစ္စတန်နိုင်ငံသို့ သွားရောက်ကြည့်ရှုမည်ဟု မျှော်လင့်ရသည်ဟု ဆိုသည်။

ဤသဘာဝဘေးအန္တရာယ် ကပ်ဆိုးကြီးအား နိုင်ငံတကာက အရေးယူ တုံ့ပြန်ဆောင်ရွက်မှုအပေါ် ကုလသမဂ္ဂဆိုင်ရာ ပါကစ္စတန် သံအမတ်ကြီးက ထပ်မံဝေဖန်ပြောကြားခဲ့သည်။

ဆုံးရှုံးမှု ပမာဏမှာ အလွန်ကြီးမားကြောင်းကို ယခုအချိန်မှ တရားဝင် အသိအမှတ်ပြုလျက်ရှိကြောင်း၊ ယခုအချိန်အထိ လုံလောက်သော အကူအညီများ မရရှိသေးကြောင်း သံအမတ်ကြီး ဇာမီယာ အာရခန်က ပြောကြားခဲ့သည်။

ရေကြီးမှုစတင်ကတည်းကဝမ်းရောဂါဖြစ်ပွားမည့်အန္တရာယ်ကို အကူအညီပေးရေးအဖွဲ့များက သတိပေးလျက်ရှိသည်။

ဆွတ်တောင်ကြားဒေသ မင်ဂိုရာမြို့တွင် ဒုက္ခသည်တစ်ဦး ဝမ်းရောဂါဖြစ်ကြောင်းကို ကုလသမဂ္ဂ လူသားချင်းစာနာသော ရေးရာအဖွဲ့ရုံးမှ မော်ရီဇီယို ဂီယူလီယာနိုက အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားခဲ့သည်။

ကာလဝမ်းရောဂါ၏ လက္ခဏာများ အနက်မှတစ်ခုဖြစ်သောဝမ်းပျက်ဝမ်းလျှောခြင်းကို လူဦးရေ ၃၆၀၀၀ ကျော်ခံစားနေရကြောင်း ဂီယူလီယာနိုက ပြောကြားသည်။

နိုင်ငံတော်မှ တာဝန်ရှိသူများက ကယ်ဆယ်ရေးလုပ်ငန်းများကို ညှိနှိုင်းဆောင်ရွက်နေကြရသဖြင့် ဩဂုတ် ၁၄ရက် စနေနေ့တွင် ကျရောက်သော လွတ်လပ်ရေးနေ့ အခမ်းအနားကို တရားဝင်ကျင်းပခြင်းအား ဖျက်သိမ်းခဲ့သည်။ သမ္မတအဖစ် အလီဇာဒါရီက ယင်းသို့ မကျင်းပရန် ညွှန်ကြားခဲ့သည်ဟု ဆိုသည်။ ***အင်တာနက်။***

ပဲခူးတိုင်း ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့် နတ်တလင်းမြို့၌ ဌာနဆိုင်ရာများနှင့် တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၄

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်သည် ဩဂုတ် ၆ ရက် နံနက်ပိုင်းတွင် နတ်တလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် တွေ့ဆုံရာ တာဝန်ရှိသူတစ်ဦးက မြို့နယ်အတွင်း မိုးစပါးစိုက်ပျိုးမှုအခြေအနေနှင့် ရေတော်မိုးတော်ကွင်းပိတ်စိုက်ပျိုးပြီးစီးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ လိုအပ်သည်များမှာကြားသည်။

ထို့နောက် တိုင်းဒုတိယဥက္ကဋ္ဌသည် မိုးညိုမြို့နယ်အတွင်း ဧရာဝတီမြစ်ကြောင်းတစ်လျှောက် မိုးကြိုဂုန်လျှော်၊ ချဉ်ပေါင်လျှော်စိုက်ကွင်းများနှင့် ဂုန်လျှော်ရိတ်သိမ်းနေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဘုရားကြီးကုန်း၊ ခအောင်းပင်တာ ကြံခိုင်ကောင်းမွန်မှု၊ မြစ်သာပေါက်တံတား တောင့်တင်းခိုင်မာမှုနှင့် မြစ်ရေဝင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ သံပရာခုံကျေးရွာ၌ တာဝန်ရှိသူတို့က တာများတောင့်တင်းအောင် ဆောင်ရွက်ထားရှိမှု၊ ရေကင်းထားရှိမှုနှင့် ရေဘေးကာကွယ်ရေးပစ္စည်းများ စုဆောင်းထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ တိုင်းဒုတိယဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး ရေယာဉ်ဖြင့် လက်ပံတန်းမြို့နယ်ရှိ ကွမ်းသီးတပင် တာ တောင့်တင်းခိုင်မာမှု အခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

အထက်မြန်မာပြည်တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၏ ဦးစီးဌာနအဆင့် အကောင်းဆုံး သုတေသနဆု (ဝိဇ္ဇာ/သိပ္ပံ)ရွေးချယ်ရေး သုတေသန စာတမ်းဖတ်ပွဲများကို မန္တလေး တက္ကသိုလ်၌ကျင်းပစဉ်။ (သတင်းစဉ်)

အထက်မြန်မာပြည် တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၏ ဦးစီးဌာနအဆင့် စာတမ်းဖတ်ပွဲများ ကျင်းပ

နေပြည်တော် ဩဂုတ် ၁၄

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၏ ဦးစီးဌာနအဆင့် အကောင်းဆုံး သုတေသနဆု (ဝိဇ္ဇာ/သိပ္ပံ)ရွေးချယ်ရေး သုတေသန စာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီခွဲတွင် မန္တလေး တက္ကသိုလ်၌ကျင်းပရာ အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)တာဝန်ခံ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲမြင့်ဆွေ၊အထက်မြန်မာပြည်တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဆုများရွေးချယ်ရေးပညာရှင်အဖွဲ့ဝင်များ၊ စာတမ်းရှင်များ၊ မန္တလေးမြို့ပေါ်တက္ကသိုလ်များမှ ဆရာ၊ ဆရာမများ၊ ပါရဂူဘွဲ့နှင့် မဟာဘွဲ့သင်တန်းတက်ရောက်နေသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာ အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) တာဝန်ခံ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးဝင်းက အဖွင့်အမှာစကားပြောကြားပြီး ဦးစီးဌာနအဆင့် အကောင်းဆုံး သုတေသနဆု(ဝိဇ္ဇာ/သိပ္ပံ) ရွေးချယ်ရေး သုတေသနစာတမ်းဖတ်ပွဲများကို ဖွင့်လှစ်ပေးသည်။ ထို့နောက် ဝိဇ္ဇာဘာသာရပ်နှင့် သိပ္ပံဘာသာရပ်ဆိုင်ရာ စာတမ်းဖတ်ပွဲများကို သီးခြားခန်းမများ၌ ဖတ်ကြားတင်သွင်းကြရာ ဆုရွေးချယ်ရေးအကဲဖြတ်ပညာရှင်အဖွဲ့ဝင်များက အကဲဖြတ် စိစစ်ရွေးချယ်ကြသည်။

အဆိုပါ စာတမ်းဖတ်ပွဲများတွင် တက္ကသိုလ်၊ ဒီဂရီကောလိပ် ၂၄ ခုရှိ ဘာသာရပ်ဌာနများမှ ဝိဇ္ဇာဘာသာရပ်ဆိုင်ရာ စာတမ်း ၂၂စောင်နှင့် သိပ္ပံဘာသာရပ်ဆိုင်ရာစာတမ်း ၂၂ စောင်တို့ကို ဖတ်ကြားတင်သွင်းကြမည်ဖြစ်ပြီး အကဲဖြတ်ပညာရှင် ၁၁ ဦးစီပါဝင်သော အဖွဲ့ကအကဲဖြတ်အမှတ်ပေး၍ ဦးစီးဌာနအဆင့် အကောင်းဆုံးသုတေသနဆု (ဝိဇ္ဇာ/သိပ္ပံ)ကိုရွေးချယ်ကြမည်ဖြစ်ကြောင်းနှင့် စာတမ်းဖတ်ပွဲများကို ဩဂုတ် ၁၄ရက်တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့ အဋ္ဌမနှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

နေပြည်တော် ဩဂုတ် ၁၄

မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့်ရေလုပ်ငန်း ပညာရှင်အဖွဲ့ အဋ္ဌမနှစ်ပတ်လည် အစည်းအဝေးကို ဩဂုတ်၂၀ရက်နှင့် ၂၁ ရက် နံနက်၉နာရီတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၌ လည်းကောင်း၊ သက်ဆိုင်ရာကဏ္ဍအသီးသီး၏ စာတမ်းများဖတ်ပွဲကို ရေဆင်းရှိသက်ဆိုင်ရာ တက္ကသိုလ်၊ သုတေသနဌာန၌လည်းကောင်း ကျင်းပရန် စီစဉ်ထားပြီးဖြစ်ရာ ပညာရှင်အဖွဲ့ အမှုဆောင်အဖွဲ့ဝင်များ၊ ပညာရှင်အဖွဲ့ဝင်များသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် သိရှိလိုသည့် အချက်အလက်များရှိပါက ပညာရှင်အဖွဲ့ရုံး ရန်ကုန်မြို့ ဖုန်း-၀၁-၆၅၁၄၁၅၊ ၆၅၁၄၁၆၊ ၆၆၅၅၇၉၊ ၆၆၅၅၈၀ နှင့် နေပြည်တော် ဖုန်း -၀၆၇-၄၁၀၁၁၁ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သစ်ပင်စိုက်ပါ
ဒို့ကမ္ဘာ
သာယာလှပ
စိမ်းမြမြ

စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဒေါ်သန်းသန်းထွေးနှင့်အဖွဲ့ တမူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် လွတ်လပ်ရေးကျောက်တိုင်ပန်းခြံအတွင်း ပန်းအလှပင်များ ဖူးပွင့်ဝေဆာစွာ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးသန့်ခိုင် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

◆ **ကျေးလက်တောင်သူမှ**

မကြာမီက ကျေးလက်တောင်သူကြီး တစ်ဦးသည် လယ်ကန်သင်းပေါ်တွင် ထိုင်၍ မိုဘိုင်းတယ်လီဖုန်းကိုင်ပြီး ဆက်သွယ်ပြောဆိုနေမှုကို ကြည်နူး ချမ်းမြေ့စွာ တွေ့မြင်ခဲ့ရ၏။ ဤကား ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်း ဝန်ကြီးဌာန၏ ထက်မြက်မြင့်မားသည့် စွမ်းဆောင်ရည်ပင်ဖြစ်၏။ တစ်နည်း အားဖြင့် နိုင်ငံတော်၏ ကြီးမားမြင့်မြတ် သော စေတနာ၊ မေတ္တာနှင့် ကျေးဇူး တရားများပင် ဖြစ်၏။

ကချင်ပြည်နယ် မိုးညှင်းမြို့သည် ယခင်က မြို့နယ်အဆင့်သာရှိပြီး ယခု မိုးညှင်းသည် ခရိုင်မြို့အဆင့်ထိ တိုးမြှင့် ခဲ့ပါပြီ။ မိုးညှင်းမြို့သည် ခရိုင်မြို့ အင်္ဂါရပ်နှင့်အညီ မိုးညှင်းဒီဂရီကောလိပ်၊ မိုးညှင်းနည်းပညာကောလိပ်တို့ ငွားငွား စွင့်စွင့် ပေါ်ထွန်းခဲ့ပါပြီ။ ထို့အတူ ခုတင် (၁၀၀) ဆံ့ အထွေထွေရောဂါကုဆေးရုံ ကြီးကလည်း ခံ့ညားထည်ဝါလှပါသည်။ မကြာမီ မန္တလေး-ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီး၏ နန့်စီးအောင်-မိုးညှင်း-မိုးကောင်း-နမ္မတီး လမ်းပိုင်း ၈၉ မိုင်သည်လည်း တိုးတက်ကောင်းမွန်လာ တော့မည်။ အလားတူ ၂၀၁၀-၂၀၁၁ ခုနှစ်အတွင်း မိုးညှင်း - မိုးကောင်းဒေသ သည် မဟာဓာတ်အားလိုင်းကွန်ရက်ဖြင့် လျှပ်စစ်မီးများ ထိန်ထိန်ညီးတော့မည်။ ကြည်နူးဝမ်းမြောက်စရာများပင် မဟုတ် ပါလား။

ယခင်က မိမိတို့ မိုးညှင်းမြို့သည် ကိုယ့် အားကိုယ်ကိုး လက်လှည့်အိတ်ချိန်းစနစ် ဖြင့် တယ်လီဖုန်း ပြောဆိုဆက်သွယ်ခဲ့ရ ၏။ ယခုမူကား မြန်မာ့ဆက်သွယ်ရေး နည်းပညာကဏ္ဍ တိုးတက်ပြောင်းလဲမှုကို ခံစားနေရပါပြီ။ အထူးသဖြင့် မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်း၏ တယ်လီဖုန်း ဆက်သွယ်ရေး တိုးတက်ဖြစ်ထွန်းမှုကို လက်တွေ့ခံစားနေကြရပါပြီ။ မိုးညှင်း မြို့နယ်၌ အော်တိုတယ်လီဖုန်း ဆက်သွယ် ပြောဆိုမှုကို ၁-၁-၂၀၀၄ ခုနှစ်က စတင် ဖွင့်လှစ်အသုံးပြုနိုင်ခဲ့ပါသည်။ ယခုအခါ မိုးညှင်းမြို့၌ အော်တိုတယ်လီဖုန်း ၇၂၀၊ ဟိုပင်မြို့၌ အော်တိုတယ်လီဖုန်း ၈၆၀၊ နန်းမားကျေးရွာ၌ အော်တိုတယ်လီဖုန်း ၃၂၀နှင့် မော်ဟန်ကျေးရွာ၌ အော်တို တယ်လီဖုန်း ၁၁၀ စုစုပေါင်း မိုးညှင်းမြို့ နယ်၌ မြို့ပြနှင့် ကျေးလက်ဒေသများ အပါအဝင် အော်တိုတယ်လီဖုန်း ၂၀၁၀ တပ်ဆင်အသုံးပြုနေပြီ ဖြစ်ပါသည်။

မိုးညှင်းမြို့နယ်၌ အော်တိုတယ်လီဖုန်း အပြင် မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေး လုပ်ငန်းများကိုလည်း တိုးချဲ့တပ်ဆင်ပေး နိုင်ခဲ့ပါသည်။ ဤတွင် ဆဲလ်လူလာဖုန်းကို မိုးညှင်းမြို့၌ ၁၀-၃-၂၀၀၈ ရက်နေ့က စတင်ဖွင့်လှစ်အသုံးပြုနိုင်ခဲ့ပါသည်။ ယခု လက်ရှိ မိုးညှင်းမြို့၌ ဆဲလ်လူလာ ၆၃၆ လုံး၊ ဟိုပင်မြို့၌ ဆဲလ်လူလာ ၅၃၅ လုံး စုစုပေါင်း မိုးညှင်းမြို့နယ်၌ ဆဲလ်လူလာ ၁၁၇၁ လုံး အသုံးပြုနေကြပါပြီ။ ထို့အပြင် CDMA-450 မိုဘိုင်းဖုန်း (ယာဉ်တင်) ကိုလည်း ၂၈-၆-၂၀၀၉ ရက်နေ့က စတင်ဖွင့်လှစ်အသုံးပြုနိုင်ခဲ့ပါသည်။ ယခုလက်ရှိ မိုးညှင်းမြို့၌ ဒေသသုံး ၁၉၉ လုံး၊ နိုင်ငံသုံး ၃၅၈ လုံး၊ ဟိုပင်မြို့ နှင့် အင်းတော်ကြီးဒေသ၌ ဒေသသုံး ၄၉၀၊ နိုင်ငံသုံး ၁၂၀ လုံး စုစုပေါင်း မိုးညှင်း မြို့နယ်၌ CDMA-450 ဒေသသုံး ၆၈၉ လုံးနှင့် နိုင်ငံသုံး ၄၇၉ လုံး ဆက်သွယ် အသုံးပြုနေကြပါပြီ။ နီးနီးဝေးဝေး၊ ပြည် တွင်း ပြည်ပပါမကျန် ဆက်သွယ်မှုပြုနေကြ ပါပြီ။ ယခုထက်ပိုမို၍ လွယ်လင့်တကူ ဆက်သွယ်အသုံးပြုလိုကြကြောင်းကိုလည်း ဒေသခံပြည်သူများထံမှ ကြားသိရ၍ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါသည်။

ယခုဆိုလျှင် မိုးညှင်းမြို့နယ်၌ မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်း၏ တယ်လီဖုန်း ဆက်သွယ်မှုလုပ်ငန်းမှာ မြို့ပြသာမက ကျေးလက်ဒေသများပါမကျန် ပျံ့နှံ့ ကျယ်ပြန့်စွာ အသုံးပြုနေကြပြီဖြစ်သည်။ ဤတွင် အိမ်ထောင်စုတိုင်း၊ မိသားစုတိုင်း၊ လူတိုင်းကိုယ်စီ တယ်လီဖုန်းတစ်လုံးစီ ကိုင်ဆောင်အသုံးမပြုနိုင်သေးသော်လည်း လူတိုင်း တယ်လီဖုန်းဆက်သွယ်ပြောဆို နိုင်မှု အခွင့်အလမ်းများ ရရှိနေကြပါပြီ။

မည်သည့်ဒေသ၊ မည်သည့်ကျေးရွာ ကိုပဲကြည့်ကြည့် အများပြည်သူသုံး တယ်လီဖုန်းစခန်းများကို ဖွင့်လှစ်ပေး ထားနိုင်ခဲ့ပါပြီ။ ဤသို့ဆိုလျှင် မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်း၏ အကြား အလပ်မရှိ၊ ဟာကွက်မရှိ၊ လက်ယှက် ထိုးကွက်ပြည့်ခင်းလျက် ကျေးလက် အစွန်အဖျားများပါမကျန် ခေတ်မီ ဆက်သွယ်ရေးနည်းပညာသစ်၏ ရလဒ် များကို လက်တွေ့ခံစားနေကြရပြီ မဟုတ် ပါလား။ ကျေးလက်ဒေသ၏ လူမှုစီးပွား ဘဝတိုးတက်ဖွံ့ဖြိုးခြင်းကိုပါ အထောက် အကူပြုလျက်ရှိနေပြီ မဟုတ်ပါလား။ မိုဘိုင်းယဉ်ကျေးမှုကား အံ့မခန်းဖွယ်ရာ ပင်။ ဤသည်မှတစ်ဆင့် ယနေ့ထက် မနက်ဖြန်သည် ပိုမို၍ တိုးတက်ထွန်းကား လာဦးမည် မဟုတ်ပါလား။ ။

မြန်မာ့ဆက်သွယ်ရေးကွန်ရက် ဖြန့်ကြက်နိုင်မှုနှင့်အညီ မိုဘိုင်းယဉ်ကျေးမှုသည် ကျေးလက်တောင်သူများအထိ ပျံ့နှံ့ရောက်ရှိနေပါပြီ။ ။

မိုးညှင်းမြို့နယ် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ အများပြည်သူသုံး တယ်လီဖုန်းစခန်း၌ အော်တိုတယ်လီဖုန်း ဆက်သွယ်ပြောဆိုနေမှုကို တွေ့ရစဉ်။

ပထမအကြိမ် ကြက်ခြေနီအသိပညာပြန့်ပွားရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဩဂုတ် ၁၄

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ တို့ ပူးပေါင်းစီစဉ်မှုဖြင့် ရန်ကုန်တိုင်း ကြက်ခြေနီကြီးကြပ်မှုကော်မတီက ကြီးမှူး ဖွင့်လှစ်သည့် ပထမအကြိမ် ကြက်ခြေနီ အသိပညာပြန့်ပွားရေး အလုပ်ရုံဆွေးနွေး ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အလံပြ ဘုရားလမ်းရှိ ယုဇနဂါးဒင်းဟိုတယ်၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကိုယ်စား ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီ အတွင်းရေးမှူး ရန်ကုန်တိုင်း ကျန်းမာရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင် ထွန်းက အဖွင့်အမှာစကား ပြောကြား သည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ ရန်ကုန် တိုင်းမှ တိုင်း၊ ခရိုင် ကြက်ခြေနီကြီးကြပ်မှု ကော်မတီဝင်များ၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူးများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး များ(ကြက်ခြေနီတပ်ရင်းမှူးများ)၊ မြို့နယ် ပညာရေးမှူးများ၊ မြို့နယ်ကြက်ခြေနီ တပ်ဖွဲ့ဝင်များနှင့် အခြေခံပညာကျောင်း များမှ ဆရာ၊ ဆရာမများ တက်ရောက်ကြ ပြီး ဆွေးနွေးပွဲကို ယနေ့မှ ဩဂုတ် ၁၇ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်များ အတွက် ဒုတိယအကြိမ်၊ တတိယအကြိမ် နှင့် စတုတ္ထအကြိမ် အလုပ်ရုံဆွေးနွေးပွဲ များကိုလည်း ရန်ကုန်တိုင်း ကြက်ခြေနီ တပ်ဖွဲ့ရုံး၌ ဆက်လက်ကျင်းပသွားမည် ဖြစ်သည်။ (သတင်းစဉ်)

အမှာစကား ပြောကြား

ရန်ကုန်တိုင်း အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ရန်ကုန်တိုင်း ကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ ဦးခင်မောင်ထွန်း ပထမအကြိမ် ကြက်ခြေနီ အသိပညာပြန့်ပွားရေး အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

သင့်သွေးဖြင့် အသက်ကယ်ပါ

○ **ကျောဖုံးမှ**

Swift - Tuttle ကြယ်တံခွန်နှင့် သက်ဆိုင်သော ဥက္ကာပျံများကြွေကျမှုကို အဝေးကြည့်မှန်ပြောင်း အသုံးပြုစရာ မလိုဘဲ သာမန်မျက်စိဖြင့်ပင် တွေ့မြင် နိုင်မည်ဖြစ်သည်။

နေစကြဝဠာအတွင်း နေကိုလှည့်ပတ် နေသော မီတီအိုရွိုက် (meteoroid) များ သည် ကြယ်တံခွန်များမှ ထုတ်လွှတ်သော အရာဝတ္ထုများဖြင့် ဖွဲ့စည်းထားသည်။

ဩဂုတ်လအတွင်း Perseid ဥက္ကာပျံ ကြွေကျမှုဖြစ်စဉ်၊ နိုဝင်ဘာလအတွင်း Le-onid ဥက္ကာပျံကြွေကျမှု ဖြစ်စဉ်နှင့် ဆောင်း ဥတုအတွင်း Quadrantid ဥက္ကာပျံ ကြွေကျမှုဖြစ်စဉ် ပေါ်ပေါက်လေ့ရှိသည်။

ဩဂုတ် ၁၂ ရက်မှ ၁၃ ရက်အထိ လကွယ်ရက်ဖြစ်သဖြင့် ဥက္ကာပျံများ ကြွေကျမှုကို ကောင်းကင်ယံတွင် ပိုမိုပီပြင် စွာ လှလှပပ တွေ့မြင်နိုင်မည်ဖြစ်ကြောင်း နက္ခတ်ဗေဒပညာရှင်များက ပြောကြား သည်။

ဥက္ကာပျံများကြွေကျမှုကို ဗြိတိန်နိုင်ငံ တွင် ဩဂုတ် ၁၂ ရက်ညက တွေ့မြင်ခဲ့ ကြသည်ဆို၏။ တစ်နာရီလျှင် ဥက္ကာပျံ အလုံးပေါင်း ၈၀ အထိ ဆက်တိုက် ကြွေကျမှုကို တွေ့မြင်ရနိုင်ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြား သည်။

ဗြိတိန်နိုင်ငံ ဝေလပြည်နယ် ပိုးဝစ် စီရင်စုတွင် တစ်နာရီအတွင်း ဥက္ကာပျံ ၄၀ ထက်မနည်း ကြွေကျခဲ့သည်ဟု နက္ခတ် တာရာလေ့လာသူတစ်ဦးက ပြောကြား သည်။

အင်တာနက်။

မွန်ပြည်နယ်၌ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားများကျင်းပ

နေပြည်တော် ဩဂုတ် ၁၄

မော်လမြိုင်မြို့နယ် ကျန်းမာရေးဦးစီးဌာန၊ မွန်ပြည်နယ် အမျိုးသမီးရေးရာ အဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်း၍ အာဟာရ ဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားများကို ဇူလိုင် ၃၁ ရက်တွင် ရွှေမြိုင် သီရိရပ်ကွက်ရုံး၌ လည်းကောင်း၊ ဩဂုတ် ၈ ရက်တွင် သာယာအေး ဒေသန္တရကျန်းမာ ရေးဌာန၌ လည်းကောင်း၊ ဩဂုတ် ၁၁ ရက်တွင် လှိုင်ရပ်ကွက်ရုံး၌ လည်းကောင်း ကျင်းပရာ မွန်ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇော်ဝင်းနှင့် မွန်ပြည်နယ် မိခင်နှင့် ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းလွင်တို့က အမှာစကား ပြောကြားကြပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနီနီအေးနှင့် ဒေသန္တရကျန်းမာရေးဌာန တာဝန်ခံဆရာဝန်တို့က အာဟာရ ရက်သတ္တပတ်လှုပ်ရှားမှု များနှင့် မိခင်နို့တိုက်ကျွေးခြင်းဆိုင်ရာများကို ပညာပေးဟောပြောကြသည်။

ထို့အတူ အာဟာရပြင်ဆင်ချက်ပြုတ်မှု သရုပ်ပြခြင်း၊ အာဟာရချို့တဲ့ကလေး ငယ်များအား အာဟာရကျွေးမွေးခြင်း၊ စံပြနို့တိုက်မိခင်များအား ရွေးချယ်ဆုပေးခြင်းနှင့် တက်ရောက်လာကြသူများအား အာဟာရနှင့် ဆေးဝါးပစ္စည်းများ ထောက်ပံ့ပေးအပ် ခြင်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံတောင်ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် ဩဂုတ် ၁၄

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်၊ မန္တလေးတိုင်းနှင့် မကွေး တိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ကချင်ပြည်နယ်တွင် ဒေသအလိုက် မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** နေပြည်တော်(လေဆိပ်)တွင် သုည ဒသမ ၉၈ လက်မ၊ မြစ်ကြီးနား မြို့နှင့် မချမ်းဘောမြို့တို့တွင် ၃ ဒသမ ၀၃ လက်မစီ၊ ကျောက်တော်မြို့တွင် ၂ ဒသမ ၄၈ လက်မ၊ ကျောက်ဖြူမြို့တွင် ၂ ဒသမ၂၄ လက်မ၊ ခန္တီးမြို့နှင့် သံတောင်ကြီးမြို့ တို့တွင် ၂ ဒသမ ၁၇ လက်မစီ၊ သထုံမြို့နှင့် သိမ်ဇရပ်မြို့တို့တွင် ၂ ဒသမ ၀၅ လက်မစီနှင့် မကွေးမြို့တွင် သုည ဒသမ ၈၇ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ် အော်တို့တွင် အများအားဖြင့် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

ဩဂုတ် ၁၅ ရက် ညနေထိခန့်မှန်းချက် ။ ။ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း အောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် ။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက် ။ ။ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန် (၃၃ ဒသမ ၅ ဒီဂရီစင်တီဂရိတ်)	၉၂ ဒီဂရီဖာရင်ဟိုက်	၁၃-၈-၂၀၁၀
အနိမ့်ဆုံးအပူချိန် (၂၅ ဒသမ သုည ဒီဂရီစင်တီဂရိတ်)	၇၇ ဒီဂရီဖာရင်ဟိုက်	၁၄-၈-၂၀၁၀
၉း၃၀ နာရီအချိန် စိုထိုင်းဆ	၉၂ ရာခိုင်နှုန်း	၁၄-၈-၂၀၁၀
မိုးရေချိန်	Tr	၁၄-၈-၂၀၁၀

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန် (၃၀ ဒသမ ၅ ဒီဂရီစင်တီဂရိတ်)	၈၇ ဒီဂရီဖာရင်ဟိုက်	၁၃-၈-၂၀၁၀
အနိမ့်ဆုံးအပူချိန် (၂၅ ဒသမ သုည ဒီဂရီစင်တီဂရိတ်)	၇၇ ဒီဂရီဖာရင်ဟိုက်	၁၄-၈-၂၀၁၀
၉း၃၀ နာရီအချိန် စိုထိုင်းဆ	၁၀၀ ရာခိုင်နှုန်း	၁၄-၈-၂၀၁၀
နေပူသည့်နာရီပေါင်း	သုည ဒသမ ၈ နာရီခန့်	၁၃-၈-၂၀၁၀

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၁၃-၈-၂၀၁၀	၂၂မမ (၀ဒသမ၈၇လက်မ)	၉မမ (၁ဒသမ၃၆လက်မ)	၃၄မမ (၁ဒသမ၃၄လက်မ)
၁-၁-၂၀၁၀ မှ ယနေ့အထိ	၁၂၂၈မမ (၄၈ ဒသမ ၃၅လက်မ)	၁၄၀၃မမ (၅၅ဒသမ၂၄လက်မ)	၁၆၉၅မမ (၆၆ဒသမ၇၃လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၁၃-၈-၂၀၁၀ ရက် ၂ နာရီခွဲတွင် အနောက်ဘက်မှ တစ်နာရီ ငါးမိုင်နှုန်း တိုက်ခတ်သည်။

မိုးညှင်းမြို့နယ် လမ်း၊ တံတားနှင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၄

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်းသည် ဩဂုတ် ၇ ရက်တွင် မိုးညှင်းမြို့နယ် နန့်စီးအောင် ချောင်းကူးတံတားကြံခိုင်မှု၊ ရေထိန်းနံရံဆောက်လုပ်မှုအခြေအနေများနှင့် ဆယ်မိုင်ကျေးရွာ နန့်မွန်းချောင်း လက်တံမြောင်းရေစီးရေလာကောင်းမွန်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံကာ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဆယ်မိုင်ရွာ စစ်မှုထမ်းဟောင်းအိမ်ရာစခန်း၌ အိမ်ထောင်စုဝင်မိသားစုများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ တိုင်းမှူးသည် ညောင်ကုန်းကျေးရွာ တောင်သူတစ်ဦး၏ လယ်မြေ၌ စပါးမျိုးများ စိုက်ပျိုးထားရှိမှုအခြေအနေကို ကြည့်ရှု၍ နန့်လိုင်ရွာ၌ ဒေသခံကျေးရွာတောင်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံ နှုတ်ဆက်သည်။

နမ္မားဆေးရုံ

ထို့နောက် နမ္မားဆေးရုံ၌ ဆေးရုံတက်လူနာများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်အားပေးစကား ပြောကြားပြီး ဆေးရုံလူနာဆောင် အဆောက်အအုံနှင့် ဓာတ်မှန်ခန်းသစ်ဆောက်လုပ်မှု လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ အလှူငွေ ပေးအပ်ကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ပင်းဘောတိုက်နယ်

ယင်းနောက် ပင်းဘောတိုက်နယ်ဆေးရုံ၌ တာဝန်ခံဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး အလှူငွေများပေးအပ်၍ မိုးကောင်းမြို့နယ် ပင်လုံရွာ၌ ဒေသခံတောင်သူများနှင့် တွေ့ဆုံကာ တင်ပြချက်များအပေါ် လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အင်းစိန် သင်ကြားရေးနှင့် အထွေထွေရောဂါကုဆေးရုံကြီး ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၁၄

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးသည် ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ ခုတင် (၃၀၀)ဆံ့ သင်ကြားရေးနှင့် အထွေထွေရောဂါကုဆေးရုံကြီး အစည်းအဝေးခန်းမ၌ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုဆရာမများနှင့် ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများအား တွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် ဆေးရုံအုပ်ကြီး ဒေါက်တာကျော်ကျော်က ဆေးရုံကြီး၏ ကုသရေးနှင့် သင်ကြားရေးကိစ္စများ၊ ဆေးရုံအဆောက်အအုံ ပြုပြင်ခြင်းလုပ်ငန်းများ၊ ဆေးရုံဝင်းအတွင်း လမ်းခင်းကျင်းထားမှုများ၊ ဆေးရုံသုံးစက်ကိရိယာပစ္စည်းများ ဝယ်ယူဖြည့်တင်းမှုလုပ်ငန်းများနှင့် ဆေးရုံကြီးသို့ ပြည်သူများ လှူဒါန်းထားရှိမှုများကို လည်းကောင်း၊ ဆေးတက္ကသိုလ်(၂)မှ ပါမောက္ခ ဒေါက်တာမြင့်ဟန်က ဆေးရုံကြီး၌ ဆောင်ရွက်လျက်ရှိသည့် ဆေးလက်တွေ့သင်ကြားရေးဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက သင်ကြားရေးနှင့် ကုသရေးဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး လူနာဆောင်များနှင့် ခွဲစိတ်ခန်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်အား ကိုရီးယားသမ္မတနိုင်ငံ Hyosung Corporation မှ General Manager Mr. Geoffrey Kim နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ဝန်ကြီး ဦးခင်မောင်မြင့်အား Hyosung Corporation မှ General Manager နှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၄

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်အား ကိုရီးယားသမ္မတနိုင်ငံ Hyosung Corporation မှ General Manager Mr. Geoffrey Kim နှင့်အဖွဲ့သည် ဩဂုတ် ၁၂ ရက် ည ၈ နာရီတွင် နေပြည်တော်ရှိ ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ လျှပ်စစ်ဓာတ်အားကဏ္ဍ၌ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှာစကား ပြောကြား

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး အင်းစိန်မြို့နယ်ရှိ ခုတင် (၃၀၀)ဆံ့ သင်ကြားရေးနှင့် အထွေထွေရောဂါကုဆေးရုံကြီး အစည်းအဝေးခန်းမ၌ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုဆရာမများနှင့် ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများအား အမှာစကား ပြောကြားစဉ်။

(ကျန်းမာရေး)

အမျိုးသမီး တံခွန်စိုက်နှင့် စီနီယာတံခွန်စိုက် စစ်တုရင်ပြိုင်ပွဲ ဆုပေးပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၄

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်တို့မှ ကြီးမှူးကျင်းပသည့် ၂၀၁၀ ခုနှစ် အမျိုးသမီးတံခွန်စိုက်နှင့် စီနီယာတံခွန်စိုက် စစ်တုရင်ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ဩဂုတ် ၅ ရက်က မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ် ပြိုင်ပွဲခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ် အတွင်းရေးမှူး၊ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌနှင့် အမှုဆောင်များ တက်ရောက်ကြပြီး ဆုရရှိသူများအား ဆုများချီးမြှင့်သည်။

အမျိုးသမီးတံခွန်စိုက် စစ်တုရင်ပြိုင်ပွဲတွင် ပထမ မေဆက်လွင်၊ ဒုတိယ နန်းအိမ်ကေခိုင်လျှမ်း၊ တတိယ မေဆုလွင်၊ အသက်(၅၀)နှစ်အထက် စီနီယာတံခွန်စိုက် စစ်တုရင်ပြိုင်ပွဲတွင် ပထမ ဦးရဲမြင့်ဟိန်း၊ ဒုတိယ ဦးခင်မောင်သက်၊ တတိယ ဦးကြည်သိန်းတို့ ဆုများရရှိသည်။

(ကြေးမုံ)

ဗဟိုလေ့ကျင့်ရေးကျောင်း သင်တန်းများဆင်းပွဲ ညွှန်ကြားရေးမှူးချုပ် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဩဂုတ် ၁၄

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ်(၃၇/၃၈) စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၆၆/၆၇) သင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ရှိ ဗဟိုလေ့ကျင့်ရေးကျောင်း သင်တန်းခန်းမ၌ ကျင်းပရာ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးကိုကို၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲတွင် ညွှန်ကြားရေးမှူးချုပ် ဦးစိုးကိုကိုက အမှာစကား ပြောကြားပြီး စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ်(၃၇)နှင့် (၃၈)မှ ထူးချွန်ဆုရရှိသူများ၊ စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၆၆)နှင့် (၆၇)မှ ထူးချွန်ဆု ရရှိသူများအား ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ခဲ့ပြီး သင်တန်းဆင်းလက်မှတ်များကို သင်တန်းသား ကိုယ်စားလှယ်များအား ပေးအပ်သည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် သင်တန်းအိပ်ဆောင်နှင့် စိုက်ပျိုးရေး ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

စီမံခန့်ခွဲရေးသင်တန်းအမှတ်စဉ်(၃၇/၃၈) သို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနမှ ၅၁ ဦးနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ သုံးဦး၊ စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၆၆/၆၇)သို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနမှ ၅၉ ဦးနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ၁၀ ဦး စုစုပေါင်း သင်တန်းသား ၁၂၃ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၂ ပတ် ကြာမြင့်ခဲ့သည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်သည် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး ပရဟိတ(ကျား)ကျောင်း၌ ဖွင့်လှစ်လျက်ရှိသော အသက်မွေးမှုပညာလေ့ကျင့်ရေးသင်တန်းကျောင်း (စက်ပြင်/အလုပ်ရုံ) သင်တန်းတွင် သင်တန်းသားများ၏ သင်ကြား၊ လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးခဲ့သည်။ **(အောက်ပုံ)** အဆိုပါ သင်တန်းသို့ သင်တန်းသားစုစုပေါင်း ၄၃ ဦး တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ ခြောက်လကြာမြင့်မည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၅-၈-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၀ ၆။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈း၁၀ ၇။ အတီးပြိုင်ပွဲ
၈း၂၅ ၈။ တေးဂီတအစီအစဉ်
၈း၄၀ ၉။ International News
၈း၄၅ ၁၀။ “ကုသမနေ့းတီဘီဘေး”
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၀ ၃။ တစ်ပတ်အတွင်းနိုင်ငံတကာ သတင်းစဉ်
၁၁း၃၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ “မပြယ်သောချစ်ခြင်း မနွမ်းသောမေတ္တာ”(အပိုင်း-၃၄)
၁၂း၃၀ ၅။ Golf Magazine (TV)
၁၂း၅၀ ၆။ **မြန်မာရုပ်ရှင် “ပန်းဒဏ္ဍာရီ” (ရန်အောင်၊ မင်းမော်ကွန်း၊ မေသန်းနု၊ စိုးမြတ်နန္ဒာ) (ဒါရိုက်တာ-ဟိန်းစိုး)**
၂း၅၀ ၇။ International News
၃း၀၀ ၈။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၄၅ ၁။ Myanmar National League MNL 2010 ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ဥဿာယူနိုက်တက် F.C နှင့် ရတနာပုံ F.C)
၅း၄၅ ၂။ တေးဂီတအစီအစဉ်
၆း၀၀ ၃။ ညနေခင်းသတင်း
၆း၁၅ ၄။ မိုးလေဝသအခြေအနေ
၆း၂၀ ၅။ ကာတွန်းအစီအစဉ် ‘BUGS' ADVEN TURES’ (အပိုင်း-၂၄)
၆း၃၅ ၆။ တစ်မျက်နှာတစ်ကွက်စာ **“ယောကျ်ားတို့ရဲ့အချစ်” (မိုးထက်ပိုင်၊ ရန်နိုင်၊ ကောင်းဆက်ထူး၊ ခိုင်ပွင့်၊ ချစ်စု၊ နိုနို) [ဒါရိုက်တာ-မေတင်(MMG)]**
၇း၀၀ ၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ “အတိတ်ရဲ့ပုံရိပ်” (အပိုင်း-၆)**
၈း၀၀ ၈။ ပြည်တွင်းသတင်း
၉။ နိုင်ငံတကာသတင်းများ
၁၀။ မိုးလေဝသအခြေအနေ
၁၁။ နိုင်ငံတော်အတွက်ထာဝရသစ္စာ (စောမင်းနောင်နှင့်အဖွဲ့၊ တေးရေး-စန္ဒရားကွန်းဇော်)
၁၂။ ကာတွန်းအစီအစဉ် “တောကောင်ငယ် သိုင်းညီနောင်လေးများ” (အပိုင်း-၅၁)
၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ရေဆုံးမြေဆုံး” (အပိုင်း-၁၂)**
၁၄။ အစီအစဉ်ပြီး၏။

ရတနာတို့၏ ဘူမိနက်သန်

အောင်မင်းမင်း(နေပြည်တော်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် စတုတ္ထမြောက် ဆင်ဖြူတော်ရတနာ ပေါ်ပေါက်လာကြောင်း ၉-၈-၂၀၁၀ ရက်နေ့ည ရုပ်မြင်သံကြားသတင်းတွင် ကြည့်ရှုလိုက်ရသည်။ ဆင်ဖြူတော်ရတနာသည် ဗုဒ္ဓသာသနာ ထွန်းကားစည်ပင်သော နိုင်ငံများ၊ တိုင်းပြည်အုပ်ချုပ်မင်းလုပ်သူတို့ မင်းကျင့်တရားနှင့်အညီ အုပ်ချုပ်သော နိုင်ငံ၊ စည်ပင်ဝပြောဖွံ့ဖြိုးတိုးတက်မည့် နိုင်ငံတို့၌သာ ပေါ်ထွန်းမြဲဖြစ်ရာ ရုပ်မြင်သံကြားသတင်းကို နားဆင်ကြည့်ရှုရင်းပင် အတိုင်းမသိ ဝမ်းမြောက်ခဲ့ရပါသည်။

ဆင်ဖြူတော်ပေါ်ပေါက်ရရှိခြင်းမရှိမီ အိပ်မက်မက်ခြင်းသည်ပင် မြန်မာတို့အဖို့ အလွန်ကြီးမြတ်သော အဓိပ္ပာယ်ကို ဆောင်လျက်ရှိသည်။ သာမန်ဆင်တစ်ကောင်ဖြင့် အိပ်မက်မက်ပါက မိတ်ဆွေ(သို့မဟုတ်)ပြင်ပမှ အကူအညီရရှိမည်ဟု အိပ်မက်ကျမ်းတစ်ခုက ဖွင့်ဆို၏။ ဆင်ဖြူတော်ဖြင့် မက်လျှင်ကား ပူဇော်မှုကို ခံရလတ္တံ့၊ ကျော်စောအံ့၊ စားကောင်းသောက်ဖွယ်တို့ဖြင့် ခမ်းနားကြီးကျယ်လတ္တံ့ စသည်ဖြင့် အဓိပ္ပာယ်ဖွင့်ဆိုကြ၏။ မယ်တော်မာယာ၏ ဝမ်းကြာတိုက်တွင် ဘုရားလောင်း ပဋိသန္ဓေဖြစ်သောအခါ ကောင်းကင်ယံမှ ဆင်ဖြူတော်သည် သပြေခက်ကို နှာမောင်းနှင့်ချီလျက် မြောက်အရပ်မှလာ၍ သီရိမဟာမာယာ မိဖုရားကြီး၏ လက်ယာနံပါးကိုလှစ်၍ ဝမ်းကြာတိုက်တွင် ဝင်ရောက်ကိန်းအောင်းသည်ဟု အိပ်မက်မြင်မက်ရာ ပုရောဟိတ်များက ထူးခြားမြင့်မြတ်သော သားရတနာ မယ်တော်မာယာ၏ ဝမ်းကြာတိုက်တွင် သန္ဓေတည်နေပြီဟု နိမိတ်ဖတ်ခဲ့လေသည်။ ဤသည်တို့မှာ နိပါတ်တော်လာ ဆင်ဖြူတော်နှင့် ပတ်သက်၍ အိပ်မက်၊ အတိတ်နိမိတ်ယူခဲ့ကြပုံကို ဖော်ပြခြင်းဖြစ်သည်။

ယခုမူ အိပ်မက်မဟုတ်ပါ။ အမှန်တကယ်ပင် ဆင်ဖြူတော်တစ်စီးကို မျက်ဝါးထင်ထင် တွေ့မြင်ခွင့်ရခဲ့ပြီဖြစ်သည်။ ဆင်ဖြူတော်ရတနာသည် အဖော်ဆင်များခြံရံလျက် မော်တော်ယာဉ်ဖြင့် ၂၀၁၀ ခုနှစ် ဩဂုတ်လ ၉ ရက်နေ့ မွန်းလွဲ ၁ နာရီ ၄၄ မိနစ်တွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ် ပရိဝုဏ်သို့ ရောက်ရှိလာခဲ့ရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် တာဝန်ရှိသူများက အဘိနန္ဒနမင်္ဂလာအဖြစ် အန္တရာယ်ကင်းပရိတ်ရေများ၊ အမွှေးနံ့သာများဖြင့် ပက်ဖျန်း၍ ကြိုဆိုခဲ့ကြသည်။ ဆင်ဖြူတော်ရတနာ၏ အမည်နာမမှာ **ဘဒ္ဒဝတီ**ဖြစ်သည်။

မြန်မာ့ယဉ်ကျေးမှုသမိုင်းထဲတွင် ကျီးဖြူ၊ ဥဒေါင်းဖြူ၊ ဆိတ်ဖြူ၊ နွားဖြူ၊ မြင်းဖြူ၊ ဆင်ဖြူတို့ကို သူတော်စာရင်းဝင်များဟု သတ်မှတ်ထားသည်။ အဖြူရောင်သည် တောက်ပသစ်လွင်ခြင်း၊ သန့်ရှင်းခြင်း၊ စင်ကြယ်မွန်မြတ်ခြင်း၊ ဘေးဥပဒ်ကင်းခြင်း၊ နှစ်သက်မြတ်နိုးဖွယ်ကောင်းခြင်းစသည့် သဘောအနက်တို့ကို ဆောင်သည်။ ထို့ကြောင့်ပင် မြန်မာမင်းတို့ လယ်ထွန်မင်္ဂလာဆင်းရာတွင်လည်း နွားဖြူများဖြင့်သာ ကျင်းပလေ့ရှိသည်။

ဆင်ဖြူတော်ပေါ်ပေါက်ခြင်းသည် တိုင်းပြည်အုပ်ချုပ်မင်းလုပ်သူတို့၏ ဘုန်းကံနှင့်ဆိုင်ကြောင်း ကျမ်းဂန်များက ဆိုပါသည်။ အလောင်းတော် ဝေဿန္တရာမင်းကြီးသည် ဆင်ဖြူရှင်မင်းတစ်ပါးဖြစ်ပြီး တိုင်းပြည်တွင် ဆန်ရေစပါးပေါများကြွယ်ဝကာ အေးချမ်းသာယာစည်ပင်ဖွံ့ဖြိုးခဲ့သည်။ မြန်မာ့ခေတ်ဦး အနော်ရထာမင်းကြီးတွင် စီးတော်ဆင်ဖြူအပြင် ဆင်ဖြူတော် ၃၈ စီးရှိကြောင်း သမိုင်းမှတ်တမ်းများတွင် တွေ့ရသည်။ ကျန်စစ်သားမင်းကြီး၏မြေးတော် အလောင်းစည်သူမင်းကြီးသည်လည်း ဆင်ဖြူတော် ၃၆ စီး ပိုင်ဆိုင်သော ဆင်ဖြူရှင်ဘုရင်တစ်ပါးဖြစ်သည်။ ဒုတိယမြန်မာနိုင်ငံကို ပြန်လည်တည်ထောင်ခဲ့သူ ဘုရင့်နောင်မင်းတရားကြီးက ယိုးဒယားဘုရင်က ဆက်သသော ဆင်ဖြူတော်လေးစီးအပါအဝင် ဆင်ဖြူများစွာ ပိုင်ဆိုင်ခဲ့ပြီး ဆင်ဖြူများရှင်ဘွဲ့ကို ခံယူခဲ့သည်။ စစ်အင်အားတောင့်တင်းကာ ဘေးရန်များကင်းရုံမက စီးပွားကုန်သွယ် လယ်ယာစိုက်ပျိုး ပြည်သူအားလုံး စီးပွားတိုးခဲ့ကြသည်။ စည်ပင်ဝပြောခဲ့ကြသည်။

ဆင်ဖြူတော်ပေါ်ပေါက်ခြင်းဖြင့် နိုင်ငံတော်ဖွံ့ဖြိုးစည်ပင်ခြင်း၊ ငြိမ်းချမ်းသာယာခြင်း၊ လက်ရှိအခြေအနေထက် တိုးတက်ဖွံ့ဖြိုးစည်ပင်ခြင်း၊ သတ္တန္တရကပ်၊ ရောဂန္တရကပ်၊ ဒုဗ္ဘိက္ခန္တရကပ် စသော ကပ်ကြီးသုံးပါးမှ ကင်းလွတ်နိုင်ခြင်း စသည့် အတိတ်၊ နိမိတ်တို့ကို ဆောင်လေသည်။ ဆင်ဖြူတော်ပေါ်ပေါက် ပိုင်ဆိုင်ခွင့်မရခဲ့သည့် မင်းများစွာရှိပြီး ဆင်ဖြူတော်ပိုင်ဆိုင်သည့် မင်းများသည် အခြားမင်းများထက် ဘုန်းကံကြီးမားပြီး စိုးစံသည့်ကာလတစ်လျှောက်လုံးလည်း တိုင်းပြည်တွင် ခိုးသားရန်သူဘေးတို့မှ ကင်းဝေးကာ မိုးလေဝသ မှန်ကန်ကောင်းမွန်၍ ဆန်ရေစပါး ပေါများကြွယ်ဝခဲ့ကြသည်။ တိုင်းသူပြည်သားများလည်း စစ်မက်ကင်းဝေး၊ စီးပွားရေးကောင်းမွန်ကာ အလှူအတန်း ပွဲလမ်းသဘင်များနှင့် အလွန်ပင် စည်ပင်အေးချမ်းခဲ့လေသည်။

ဆင်ဖြူတော်ပေါ်ပေါက်ခြင်းဖြင့် နိုင်ငံတော် ဖွံ့ဖြိုးစည်ပင်ခြင်း၊ ငြိမ်းချမ်းသာယာခြင်း၊ လက်ရှိအခြေအနေထက် တိုးတက်ဖွံ့ဖြိုးစည်ပင်ခြင်း၊ သတ္တန္တရကပ်၊ ရောဂန္တရကပ်၊ ဒုဗ္ဘိက္ခန္တရကပ် စသော ကပ်ကြီးသုံးပါးမှ ကင်းလွတ်နိုင်ခြင်း စသည့် အတိတ်၊ နိမိတ်တို့ကို ဆောင်လေသည်။ ဆင်ဖြူတော်ပေါ်ပေါက် ပိုင်ဆိုင်ခွင့်မရခဲ့သည့် မင်းများစွာရှိပြီး ဆင်ဖြူတော်ပိုင်ဆိုင်သည့် မင်းများသည် အခြားမင်းများထက် ဘုန်းကံကြီးမားပြီး စိုးစံသည့်ကာလတစ်လျှောက်လုံးလည်း တိုင်းပြည်တွင် ခိုးသားရန်သူဘေးတို့မှ ကင်းဝေးကာ မိုးလေဝသ မှန်ကန်ကောင်းမွန်၍ ဆန်ရေစပါး ပေါများကြွယ်ဝခဲ့ကြသည်။ တိုင်းသူပြည်သားများလည်း စစ်မက်ကင်းဝေး၊ စီးပွားရေးကောင်းမွန်ကာ အလှူအတန်း ပွဲလမ်းသဘင်များနှင့် အလွန်ပင် စည်ပင်အေးချမ်းခဲ့လေသည်။

မျက်မှောက်ကာလ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက်တွင် ထူးခြားစွာ ဆင်ဖြူတော်များ ပေါ်ပေါက်ခဲ့ရာ ယခုနောက်ဆုံး ပေါ်ပေါက်ခဲ့သော ဘဒ္ဒဝတီဆင်ဖြူတော်ရတနာနှင့်ပါဆိုလျှင် လေးစီးပင်ရှိပြီ ဖြစ်သည်။

မျက်မှောက်ကာလ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွင် ထူးခြားစွာ ဆင်ဖြူတော်များ ပေါ်ပေါက်ခဲ့ရာ ယခုနောက်ဆုံးပေါ်ပေါက်ခဲ့သော ဘဒ္ဒဝတီ ဆင်ဖြူတော်ရတနာနှင့်ပါဆိုလျှင် လေးစီးပင်ရှိပြီဖြစ်သည်။ ပထမဆုံးသော ဆင်ဖြူတော်ရတနာသည် ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် အထက်နန်းရာအုပ်စုတွင် ၂၀၀၁ ခုနှစ် အောက်တိုဘာလ တတိယပတ်တွင် ပေါ်ပေါက်ခဲ့ခြင်းဖြစ်ပြီး ရန်ကုန်မြို့သို့ နိုဝင်ဘာလ ၁၅ ရက်နေ့တွင် ရောက်ရှိခဲ့သည်။ ရှေးအစဉ်အဆက်ပညာရှင်များ၏ မိန့်ဆိုချက်များအရ ဆင်ဖြူတော်၏ ကြန်အင်လက္ခဏာများမှာ မျက်လုံးပုလဲရောင်၊ ခွာအဖြူရောင်၊ ငှက်ပျောကိုင်းသဏ္ဍာန်ကျောကုန်းနှင့် ကျွဲဖြူကဲ့သို့ အမွေးရောင်ရှိပြီး အမြီးမှာ တံခါးလက်ဝါးပုံ၊ နားရွက်မှာ သာမန်ဆင်များထက်ကြီးကြောင်း မိန့်ဆိုထားခဲ့ရာ အဆိုပါဆင်မှာ မျက်လုံးပုလဲရောင်၊ ငှက်ပျောကိုင်းသဏ္ဍာန်ကျောကုန်းနှင့် အမွေးအဖြူရောင်ဖြစ်ကာ ကြန်အင်လက္ခဏာများ ကိုက်ညီသည်ကို သိရှိရသည်။ အမည်နာမမှာ **“ရာဇဂဟ သီရိပစ္စယ ဂဇရာဇာ”** ဖြစ်သည်။ ထို့နောက် ၂၀၀၂ ခုနှစ် ဧပြီလတွင် ဆင်ဖြူတော်ရတနာ တစ်စီး ထပ်မံပေါ်ပေါက်လာခဲ့ပြီး ရန်ကုန်မြို့သို့ ဧပြီလ ၅ ရက်နေ့တွင် ရောက်ရှိခဲ့သည်။ အမည်နာမမှာ **သီဂီမာလာ**ဖြစ်သည်။ ၂၀၀၂ ခုနှစ် နှစ်ကုန်ပိုင်း ဒီဇင်ဘာလ ၆ ရက်နေ့တွင် ရန်ကုန်မြို့သို့ ထပ်မံရောက်ရှိလာသော ဆင်ဖြူတော်ရတနာ **ရတီမာလာ**ကား တတိယမြောက်ဆင်ဖြူတော်ဖြစ်လေသည်။ ထို့နောက်တွင်ကား ထပ်မံပေါ်ပေါက် ခြင်းမရှိဘဲ ယခုကဲ့သို့ နိုင်ငံတော်အတွက် အရေးကြီးသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးဆီသို့ မူဝါဒလမ်းစဉ်(၇)ရက်နှင့်အညီ လျှောက်လှမ်းချီတက်နေချိန်တွင်မှ ပေါ်ပေါက်လာခြင်းဖြစ်ရာ အလွန်ပင် ထူးခြားလှသည်။

ဆင်ဖြူတော်ရတနာနှင့် ပတ်သက်၍ လေ့လာမှတ်သားမိသမျှ တင်ပြလိုပါသည်။ အာဖရိကတိုက်သည် လည်းကောင်း၊ တောင်အာရှ အိန္ဒိယသည် လည်းကောင်း၊ အရှေ့တောင်အာရှရှိ ယိုးဒယားနိုင်ငံသည် လည်းကောင်း၊ ကမ္ဘောဒီးယား၊ လာအိုနိုင်ငံတို့သည် လည်းကောင်း ဆင်များ (တောရိုင်းဆင်များ) ပေါက်ဖွားရာ ဒေသများဖြစ်သည်။ သို့ရာတွင် ဆင်ဖြူတော်ပေါ်ပေါက်သည်၊ တွေ့ရှိသည်ဟု မကြားမိပေ။ ရှေးဟောင်းကျမ်းဂန်များတွင်လည်း ဆင်ဖြူတော်သည် ဆင်တစ်ထောင်တွင်ပင် တစ်ကောင်တွေ့ရန် မလွယ်ကူကြောင်း ဖော်ပြကြသည်။ ဤမျှရှားပါးသော ဆင်ဖြူတော်ရတနာသည် ထူးခြားသော အတိတ်၊ တဘောင်၊ နိမိတ်တို့ကို သယ်ဆောင်လာသည်မှာ ငြင်းဖွယ်ရာမရှိပေ။ ထို့ကြောင့်လည်း အတိတ်ကောင်း နိမိတ်ကောင်းတို့နှင့် ယှဉ်၍သာ ဆင်ဖြူတော် ပေါ်ပေါက်လေ့ရှိသည်ကို တွေ့နိုင်လေသည်။ ဆင်ဖြူတော်လိုချင်၍ ကာလရှည်ကြာ မည်မျှပင်ရှာဖွေစေကာမူ တွေ့ရှိရန် မဖြစ်နိုင်ပေ။ မင်းတို့၏ ဘုန်းကံ၊ တိုင်းပြည်၏ ဘုန်းကံ၊ မင်္ဂလာရှိသော အကြောင်းတရားများ တိုက်ဆိုင်ညီညွတ်မှသာ ပေါ်ပေါက်လေ့ရှိသည်။

နန်းမှုနန်းရာ အဆင်တန်ဆာနှင့် သိမှတ်ဖွယ်ရာများ ကျမ်းလာ ဆင်ကြန်များကို အနည်းငယ်ဖော်ပြလိုသည်။ ထိုဆင်ကြန်များသည်လည်း ပိဋကတ်ကျမ်းလာပင်ဖြစ်လေသည်။**“အလုံးစုံဖြူသည်။ အဆင်းလှသည်။ ရှုဖွယ်ရှိသည်။ ကြည်ညိုဖွယ်ရှိသည်။ လက္ခဏာနှင့်ပြည့်စုံသည်ဖြစ်၏။ ဤသို့ ဘုရားလောင်းဆင်ဖြူတို့ကို ဆိုသောကြောင့် အလုံးစုံဖြူစင်၍ အဆင်းအရည်ရှုဖွယ်၊ ကြည်ညိုဖွယ်ရှိလျှင် ကောင်းမြတ်သော ကြန်အင်္ဂါလက္ခဏာနှင့် ပြည့်စုံသည်ဖြစ်သည်။ ဖြူစင်သော ကြန်အင်္ဂါလက္ခဏာရှိမူ ကြွင်းသော ကြန်အင်္ဂါလက္ခဏာမှာ ဆိုဖွယ်မရှိပြီဟုဆိုသည်”**ဟု ပါရှိသည်။ ဆိုလိုရင်းမှာ အလုံးစုံဖြူပါက ကျန်သော ကြန်အင်္ဂါတို့ကို ဆိုဖွယ်ရာမရှိတော့ကြောင်း ဖော်ပြထားခြင်းဖြစ်ပေသည်။

ယခုရောက်ရှိလာသော ဆင်ဖြူတော်ရတနာ ဘဒ္ဒဝတီသည် ပေါ်ပေါက်ခဲ့သော ဆင်ဖြူတော်ရတနာ လေးစီးတွင် အထူးခြားဆုံးဟု ဆိုနိုင်သည်။ ဆင်ဖြူတော်သည် ယခင် သုံးစီးထက် အသားအရေ ပိုမိုဖြူဆွတ်သည်။ ခြေသည်းများအားလုံးလည်း ဖြူသည်။ သိမ်မွေ့သော လက္ခဏာလည်းရှိသည်။ စိတ်သဘောထားလည်း တည်ငြိမ်သည်ကိုတွေ့ရသည်။ မျက်လုံးမှာ ပုလဲရောင်ဖြစ်ပြီး ကျောကုန်းသည်လည်း ငှက်ပျောကိုင်းသဏ္ဍာန် ကွေးညွတ်နေလေသည်။ သို့ဖြစ်၍ ကျမ်းဂန်လာဆင်ကြန်များနှင့် ပြည့်စုံရကား ဆင်ဖြူတော်ရတနာဖြစ်သည်မှာ ငြင်းဖွယ်ရာ အလျဉ်းမရှိပါပေ။

ဂဇဘာဒဆင်ကြန်၊ ဂဇမ္မဂဇသျှတ္တာရကျမ်း၊ ကျောက်ရဲဆရာတော်၏ ဂဇဝိနိစ္ဆယကျမ်း၊ လည်ပေါ်ဂဇဝိနိစ္ဆယကျမ်း၊ မောင်းထောင်ဆရာတော် ပြုစုသော ဆင်ဖြူတို့၏ လက္ခဏာကျမ်း၊ မင်းကြီးမဟာဇေယျသူ

ပြုစုသော ယိုးဒယားဆင်ဖြူစာတမ်
ကျမ်းတွင် ဆင်ဖြူတော်မျိုးနွယ်ဝင်ဆ
အကျဉ်း ၆၄ ပါး၊ အကျယ် ၃၀၅ ပါးရှိ
၆၄ ပါးတွင် ဆင်ဦးခေါင်းနှင့် မျက်နှာ
ပေါင်း ၃၅ မျိုးရှိပြီး ပတ်ဟုခေါ်ကာ ဦး
အပိုင်းပေါင်း ၂၉ မျိုးရှိက ယတ်ဟုခေ
ဆင်ဖြူတော် ၁၀ ပါးရှိသည်။ မည်းမြ
စိမ်းပြာ၊ နီဝါသောသစ်ရွက်အရောင်၊ တ
ရွှေရွှေအဆင်း၊ ကြေးနီအဆင်း၊ နီလ
ငွေစင်အဆင်းရှိသောအရောင် စသည်

ဤတွင် မည်းမည်းမှောင် အ
မဟုတ်သော အရောင်ရှိသည့် ဆင်မျ
ဆင်ဖြူတော်၏ ကြန်အင်လက္ခဏာပြ
ပသာဒတွင်မဖြူသော်ငြား ဆင်ဖြူတေ
ယခုဘဒ္ဒဝတီကား ကြန်အင်အားလုံး
သဖြင့် ကြန်အင်လက္ခဏာပြည့်စုံသေ
ကောင်းမြတ်သော နိမိတ်လက္ခဏာမျ

မြန်မာစာပေသမိုင်းတွင် ဆင်ဖြ
မော်ကွန်းများ၊ ပျို့များ၊ တျာချင်း၊ ကြ
စာရေးသူလေ့လာမိသမျှ ခေတ်
ဆင်ဖြူတော်ဆိုင်ရာမော်ကွန်း ၁၃
လင်္ကာ သုံးပုဒ် တွေ့ရှိရသည်။ မြန်မာ့
ဆင်ဖြူတော်များအကြောင်း ရေးစပ်
အစချီဆင်မင်းကြီးနှင့် ဆဒ္ဒန်အို
ထင်ရှားသည်။ ဤသို့ဖြင့် ဆင်ဖြူတေ
သလို ဘုရင်နှင့် မင်းမှုထမ်းများ၊ တို
လေးစားမြတ်နိုး တန်ဖိုးထားကြော
ကြောင့် သိရပေသည်။ ပိဋကတ်ကျ
ဆင်ဖြူတော် ၁၀ ပါးရှိလေသည်။
ပဏ္ဍရဆင်၊ ပိင်္ဂလဆင်၊ ဂန္ဓဆင်၊ မင်္ဂ
ဆင်၊ဆဒ္ဒန်ဆင်ဟူ၍ဖြစ်ပြီး ဆဒ္ဒန်အို
မင်းတရား၏ **နိဗ္ဗာနပစ္စယနာဂရာဇ**
ဆဒ္ဒန်ဆင်၏ ကြန်အင်လက္ခဏာများ
တရားလည်း ဆဒ္ဒန်ဆင်မင်း သခ
ဘုရား၏ လက်ထက်တွင် တိုင်းပြည်
သာယာလှသည်။ စစ်အင်အားလည်း
ဂီတနှင့် လောကီအတတ်ပညာများလ

**ဆင်ဖြူတော် ဘဒ္ဒဝတီပေါ်
နိုင်ငံတော်ကြီး ဒီမိုကရေစီနိုင်ငံအဖြစ်
တိုက်တိုက်ဆိုင်ဆိုင် ကြုံကြိုက်နေပေ
ပြည်သူအားလုံးအတွက် အတိတ်ကေ
တည်း။ ဆင်ဖြူတော်ဟူသည် ဗုဒ္ဓသ
ဘာသာသာသနာကို လေးစားမြတ်န
တိုင်းပြည်အုပ်ချုပ်သူတို့ တရားနှင့်အညီ
ပေါ်ထွန်းမြဲဖြစ်၏။ ၂၀၀၁ ခုနှစ်မှ ယ
ပေါ်ထွန်းခဲ့ရာ ပြည်ထောင်စု မြန်
အင်္ဂါရပ်များနှင့် ညီညွတ်ပြည့်စုံနေ**
စာရေးသူသည် ကဗျာဆရာတစ်ဦး
ချစ်မြတ်နိုးသူပီပီ ရှေးခေတ်ဆင်ဖြူ
တေးသီချင်းများကဲ့သို့ စာ၊ ကဗျာ
တဖွားဖွားပေါ်ပေါက်လာခဲ့သည်။ သို့
ရတနာ သတင်းထုတ်လွှင့်သည့်
ကဗျာတစ်ပိုဒ် ရေးဖွဲ့ဖြစ်ခဲ့သည်။ ထိုက
ဖွံ့ဖြိုးတိုးတက်သော အေးချမ်းသ
မြန်မာနိုင်ငံတော်ကြီးအဖြစ် ဆ
ဆုမွန်ကောင်း တောင်းလိုက်ရပါသ

ဘဒ္ဒဝတီ၊ မြန်မာပြည်၌
ခါမီပေါ်ထွန်း၊ နိမိတ်သွန်းလျက်
တင့်ရွှန်းညီပေ၊ ကျက်သရေလ
ခက်ဝေလင်းလင်း၊ တက်နေဝင်း
တွင်းပရန်များ၊ ဝေးရှောင်ရှား၍
စီးပွားကုန်သွယ်၊ ဖွံ့ဖြိုးကြွယ်သ
ဤနှယ်ဆက်ဆက်၊ စဉ်မပျက်
တိုးတက်စေရာ၊ ရတနာတို့
တည်ရာနက်သန်၊ ဘူမိမှန်သည်
မြန်ပြည်ဝပြော စည်စေသော် ...

ပြုစုသော ယိုးဒယားဆင်ဖြူစာတမ်း စသည့် ကျမ်းပေါင်း ၁၅ ကျမ်းတွင် ဆင်ဖြူတော်မျိုးနွယ်ဝင်ဆင်များ၏ ကြန်အင်လက္ခဏာ အကျဉ်း ၆၄ ပါး၊ အကျယ် ၃၀၅ ပါးရှိကြောင်း တွေ့ရသည်။ အကျဉ်း ၆၄ ပါးတွင် ဆင်ဦးခေါင်းနှင့် မျက်နှာအင်္ဂါအစိတ်အပိုင်း လက္ခဏာပေါင်း ၃၅ မျိုးရှိပြီး ပတ်ဟုခေါ်ကာ ဦးခေါင်းနောက်ပိုင်း အင်္ဂါအစိတ်အပိုင်းပေါင်း ၂၉ မျိုးရှိက ယတ်ဟုခေါ်သည်။ ပိဋကတ်ကျမ်းလာ ဆင်ဖြူတော် ၁၀ ပါးရှိသည်။ မည်းမည်းမှောင်မှောင်၊ သရက်ရွက်နုစိမ်းပြာ၊ နီဝါသောသစ်ရွက်အရောင်၊ တစ်ခဲနက်အစိမ်းရောင်၊ ဝင်းဝင်းရွှေရွှေအဆင်း၊ ကြေးနီအဆင်း၊ နီလာရောင် ဘော်သားအရောင်၊ ငွေစင်အဆင်းရှိသောအရောင် စသည်ဖြင့် အရောင်တစ်မျိုးစီရှိကြ၏။

ဤတွင် မည်းမည်းမှောင် အရောင်အပါအဝင် လုံးဝအဖြူမဟုတ်သော အရောင်ရှိသည့် ဆင်များလည်း ပါရှိသည်။ သို့ရာတွင် ဆင်ဖြူတော်၏ ကြန်အင်လက္ခဏာပြည့်စုံပါက တကယ်တမ်းအမြင်ပသာဒတွင်မဖြူသော်ငြား ဆင်ဖြူတော်ဟူ၍ပင် သတ်မှတ်ကြသည်။ ယခုဘဒ္ဒဝတီကား ကြန်အင်အားလုံးပြည့်စုံပြီး အဆင်းပါဖြူဆွတ်သဖြင့် ကြန်အင်လက္ခဏာပြည့်စုံသောဆင်ဖြူတော်ရတနာဖြစ်ပြီး ကောင်းမြတ်သော နိမိတ်လက္ခဏာများကို ဆောင်လျက်ရှိနေသည်။

မြန်မာစာပေသမိုင်းတွင် ဆင်ဖြူတော်ဆိုင်ရာ ဆင်တော်ဘွဲ့မော်ကွန်းများ၊ ပျို့များ၊ တျာချင်း၊ ကြိုး၊ သီချင်းများ တွေ့ရသည်။ စာရေးသူလေ့လာမိသမျှ ခေတ်အဆက်ဆက်ရေးသားခဲ့သော ဆင်ဖြူတော်ဆိုင်ရာမော်ကွန်း ၁၃ ခုတွေ့ရပြီး ရတု ခြောက်ပုဒ်၊ လင်္ကာ သုံးပုဒ် တွေ့ရှိရသည်။ မြန်မာ့မဟာဂီတတွင်လည်း ဆင်နှင့် ဆင်ဖြူတော်များအကြောင်း ရေးစပ်ထားသော ပြောင်ပြောင်နာဂိန် အစချီဆင်မင်းကြီးနှင့် ဆဒ္ဒန်အိုင်အစချီသော သီချင်းခံတို့မှာ ထင်ရှားသည်။ ဤသို့ဖြင့် ဆင်ဖြူတော်သည် ထူးခြားလေးနက်လှသလို ဘုရင်နှင့် မင်းမှုထမ်းများ၊ တိုင်းသူပြည်သားများက မည်မျှလေးစားမြတ်နိုး တန်ဖိုးထားကြောင်း ပျို့ကဗျာ၊ ရတုလင်္ကာများကြောင့် သိရပေသည်။ ပိဋကတ်ကျမ်းလာ ဆင်ဖြူတော်များတွင် ဆင်ဖြူတော် ၁၀ ပါးရှိလေသည်။ ကာဠာဝကဆင်၊ ဂင်္ဂေယဆင်၊ ပဏ္ဍရဆင်၊ ပိင်္ဂလဆင်၊ ဂန္ဓဆင်၊ မင်္ဂလဆင်၊ ဟေမဆင်၊ ဥပေါသထဆင်၊ဆဒ္ဒန်ဆင်ဟူ၍ဖြစ်ပြီး ဆဒ္ဒန်အိုင်သာ သီချင်းခံပါ ဘိုးတော်မင်းတရား၏ **နိဗ္ဗာနပစ္စယနာဂရာဇာ**မည်သော ဆင်ဖြူတော်သည် ဆဒ္ဒန်ဆင်၏ ကြန်အင်လက္ခဏာများနှင့် ပြည့်စုံရကား ဘိုးတော်မင်းတရားလည်း ဆဒ္ဒန်ဆင်မင်း သခင်ဘွဲ့ခံခဲ့လေသည်။ ဘိုးတော်ဘုရား၏ လက်ထက်တွင် တိုင်းပြည်စည်ပင်ဝပြောလျက် အေးချမ်းသာယာလှသည်။ စစ်အင်အားလည်း တောင့်တင်းလှသည်။ စာပေဂီတနှင့် လောကီအတတ်ပညာများလည်း ဖွံ့ဖြိုး၏။

ဆင်ဖြူတော် ဘဒ္ဒဝတီပေါ်ပေါက်သော အချိန်သည် နိုင်ငံတော်ကြီး ဒီမိုကရေစီနိုင်ငံအဖြစ် အသွင်ကူးပြောင်းရေးကာလနှင့် တိုက်တိုက်ဆိုင်ဆိုင် ကြုံကြိုက်နေပေသည်။ နိုင်ငံတော်အတွက်၊ ပြည်သူအားလုံးအတွက် အတိတ်ကောင်း နိမိတ်ကောင်းများပင်တည်း။ ဆင်ဖြူတော်ဟူသည် ဗုဒ္ဓသာသနာ ထွန်းကားရာအရပ်၊ ဘာသာသာသနာကို လေးစားမြတ်နိုး ကိုးကွယ်သူတို့ရှိရာအရပ်၊ တိုင်းပြည်အုပ်ချုပ်သူတို့ တရားနှင့်အညီ အုပ်ချုပ်သော အရပ်တို့၌သာ ပေါ်ထွန်းမြဲဖြစ်၏။ ၂၀၀၁ ခုနှစ်မှ ယနေ့ထိ ဆင်ဖြူတော် လေးစီးမျှ ပေါ်ထွန်းခဲ့ရာ ပြည်ထောင်စု မြန်မာနိုင်ငံသည်လည်း အဆိုပါ အင်္ဂါရပ်များနှင့် ညီညွတ်ပြည့်စုံနေသည်ကို သတိပြုမိပေသည်။

စာရေးသူသည် ကဗျာဆရာတစ်ဦး မဟုတ်သော်ငြား ကဗျာကို ချစ်မြတ်နိုးသူပီပီ ရှေးခေတ်ဆင်ဖြူတော်ဘွဲ့မော်ကွန်း၊ ရတု၊ ရကန်၊ တေးသီချင်းများကဲ့သို့ စာ၊ ကဗျာရေးလိုသည့် ဆန္ဒများလည်း တဖွားဖွားပေါ်ပေါက်လာခဲ့သည်။ သို့နှင့် **ဘဒ္ဒဝတီဆင်ဖြူတော်ရတနာ** သတင်းထုတ်လွှင့်သည့် ၉-၈-၂၀၁၀ ရက်နေ့ ညက ကဗျာတစ်ပိုဒ် ရေးဖွဲ့ဖြစ်ခဲ့သည်။ ထိုကဗျာလင်္ကာတစ်ပိုဒ်ဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော အေးချမ်းသာယာသည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးအဖြစ် ဆက်လက်တည်တံ့ပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ရပါသတည်း. . .။

ဘဒ္ဒဝတီ၊ မြန်မာပြည်၌
ခါမီပေါ်ထွန်း၊ နိမိတ်သွန်းလျက်
တင့်ရွှန်းညီပေ၊ ကျက်သရေလည်း
ခက်ဝေလင်းလင်း၊ တက်နေဝင်းသို့
တွင်းပရန်များ၊ ဝေးရှောင်ရှား၍
စီးပွားကုန်သွယ်၊ ဖွံ့ဖြိုးကြွယ်သား
ဤနှယ်ဆက်ဆက်၊ စဉ်မပျက်အောင်
တိုးတက်စေရာ၊ ရတနာတို့
တည်ရာနက်သန်၊ ဘူမိမှန်သည်
မြန်ပြည်ဝပြော စည်စေသော်. . .။

❐ **ရှေ့ဖုံးမှ**

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားအထူးအဖွဲ့(၂)က တာဝန်ယူတည်ဆောက်လျက်ရှိသော နတ်သံကွင်းတံတား (စစ်တောင်း) တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ရောက်ရှိကြရာ တာဝန်ခံဒုတိယအင်ဂျင်နီယာမှူးကြီးက ပင်မတံတားလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းအစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မှာကြား

ထို့နောက် တံတားစီမံကိန်း လုပ်ငန်းခွင်၌ လုပ်ငန်းများဆောင်ရွက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

ကြည့်ရှုအားပေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကို ဝေါမြို့နယ် ကေရာဇ်ကျေးရွာအုပ်စု တောင်သူတစ်ဦး၏ မိုးစပါး စိုက်ခင်း၌ တောင်သူများ ဓာတ်မြေဩဇာကြဲပက်နေမှုနှင့် ပေါင်းလိုက်တမန်းနှိုးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြောဆွေးနွေးပွဲများ တိုက်ကြီးနှင့် မှော်ဘီမြို့နယ်တို့၌ ကျင်းပ

ရန်ကုန် ဩဂုတ် ၁၄

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့် ရန်ကုန်တိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြောဆွေးနွေးပွဲများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ်နှင့် မှော်ဘီမြို့နယ်တို့၌ ကျင်းပသည်။

ရှေးဦးစွာ ကျေးရွာစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြောဆွေးနွေးပွဲကို တိုက်ကြီးမြို့နယ် သရက်ချောင်းစံပြကျေးရွာ၌ ကျင်းပရာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးတင်ခ (တက္ကသိုလ်တင်ခ)က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ အလုပ်အမှုဆောင် ဦးကျော်ဝင်း (မနုသကျော်ဝင်း)က ‘လောကအလင်း’ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂) ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)က ‘စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေး’ ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြရာ ဒေသခံစာပေဝါသနာရှင်များက သိလိုသည်များကို ပြန်လည်ဆွေးနွေးမေးမြန်းကြသည်။

ယင်းနောက် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဦးတင်ခ(တက္ကသိုလ်တင်ခ)က တိုက်ကြီးမြို့နယ်အတွင်း ဖွင့်လှစ်ပြီး ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် စာအုပ်၊ စာစောင်များကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက တိုက်ကြီးမြို့နယ် သရက်ချောင်းစံပြကျေးရွာရှိ ပညာရွှာစာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်များကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် အခမ်းအနားကို မှော်ဘီမြို့နယ် ကုလားကုန်းကျေးရွာ၌ ဆက်လက်ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ အလုပ်အမှုဆောင် ဦးချစ်နိုင်(ချစ်နိုင်-စိတ်ပညာ)က ‘စာဖတ်ခြင်း၏ အကျိုးကျေးဇူး’ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာချစ်စံဝင်းက ‘ကျေးလက်နှင့် စာပေ’ ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြရာ ဒေသခံစာပေဝါသနာရှင်များက သိလိုသည်များကို ပြန်လည်ဆွေးနွေးမေးမြန်းကြသည်။

ထို့နောက် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ကိုယ်စား ဒုတိယဥက္ကဋ္ဌ(၂) ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)နှင့် အတွင်းရေးမှူး ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်)တို့က မှော်ဘီမြို့နယ်အတွင်း ဖွင့်လှစ်ပြီး ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များနှင့် မှော်ဘီမြို့နယ် ကုလားကုန်းကျေးရွာရှိ ရွှေပြည်သစ် စာကြည့်တိုက်တို့အတွက် စာအုပ်၊ စာစောင်များကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းကြသည်။

ယနေ့အခမ်းအနားတွင် စာပေတိုက်နှင့် ဂျာနယ်တိုက်အသီးသီးကလည်း ငွေကျပ် ၁၂ သိန်းခန့်တန်ဖိုးရှိ စာအုပ်၊ စာစောင်များကို ပေးအပ်လှူဒါန်းခဲ့ကြသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးတင်ခ (တက္ကသိုလ်တင်ခ)နှင့် အဖွဲ့ဝင်များက တိုက်ကြီးမြို့နယ် သရက်ချောင်းစံပြကျေးရွာရှိ ပညာရွှာစာကြည့်တိုက် အတွက် စာအုပ်၊ စာစောင်များကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

Yangon-Expo 2010 ပြပွဲ EMP Co. မှ Boneal ဒဏ်ကြေဆေးပါဝင်ပြသ

ရန်ကုန် ဩဂုတ် ၁၄

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဩဂုတ် ၁၂ ရက်မှ ၁၅ ရက်အထိ Smart Business Group က ကြီးမှူးကျင်းပသည့် Yangon Expo 2010 ပြပွဲတွင် Excellence Medicare & Pharmaceutical Co.,Ltd.(EMP) က တရုတ်ပြည်၌ နာမည်ကျော်ကြားသည့် Boneal ဒဏ်ကြေလိမ်းဆေးကို ပါဝင်ပြသလျက်ရှိသည်။**(အောက်ပုံ)**

အဆိုပါ ဒဏ်ကြေလိမ်းဆေးသည် အကြောရောဂါအမျိုးမျိုးကြောင့်ဖြစ်သော ရောဂါများ၊ ပခုံးကပ်ခြင်း၊ဒူးနာခြင်း၊ ခါးနာခြင်း၊ ဒူးကိုက်ခြင်း၊ လေးဖက်နာ ရောဂါ၊လေငန်းရောဂါ အမျိုးမျိုး၊ ခေါင်းကိုက်ခြင်း၊ အုံးလွဲ၊ ဇက်ကြောတက်၊ အကြောရောင်ခြင်း၊ ကြွက်တက်ခြင်း၊ အဆစ်အမြစ်ကိုက်ခြင်း၊ ထုံကျဉ်ကိုက်ခဲသော ရောဂါဝေဒနာရှင်များအတွက် Boneal ဆေးကို တစ်နေ့တစ်ကြိမ်လိမ်းပေးခြင်း (သို့မဟုတ်) ဆေးညွှန်းအတိုင်း အသုံးပြုပါက မိနစ် ၃၀ အတွင်း တဖြည်းဖြည်းပူနွေးလာပြီး အရေပြားအတွင်း ခံစားရသော ဝေဒနာများကို သက်သာပျောက်ကင်းစေသည်။ အသားအတွင်းစိမ့်ဝင်နိုင်စွမ်းရှိသည့် အကြောဖြေဒဏ်ကြေလိမ်းဆေးဖြစ်သည်။

အဆိုပါဆေးသည် အစွမ်းထက်သော တရုတ်တိုင်းရင်းဆေးများဖြင့် စနစ်တကျ ဖော်စပ်ထားသဖြင့် သုံးစွဲပါက ခံစားရသော ဝေဒနာများ သက်သာ ပျောက်ကင်းစေသည်။ ဘေးအန္တရာယ်ဖြစ်စေသော ဓာတုဗေဒဆေးဝါးများနှင့် တိရစ္ဆာန်အဆီများ လုံးဝမပါဝင်ပါ။ ဆေးဘူးအတွင်း ပါရှိသော ဂွမ်းချပ်ပေါ်တွင် ဆေးရည်များ ပျံ့နှံ့စွာစွတ်စိုစေပြီး နာကျင်နေသောနေရာတွင် ကပ်ထားပါက ရောဂါပိုမိုပျောက်ကင်းသည်။ နာကျင်နေသော အကြောများကို ပုံမှန်အတိုင်း ကောင်းမွန်စေသည့်အပြင် အကြောများကိုပါ ပြေလျော့စေနိုင်သဖြင့် အညောင်းထိုင်သူများ၊ အားကစားသမားများနှင့် အသက်အရွယ်ကြီးရင့်သူများအတွက် သုံးစွဲရန် အမြဲဆောင်ထားသင့်သော ဆေးစွမ်းကောင်းဖြစ်သည်။ အဆိုပါဆေးကို Excellence Medicare & Pharmaceutical Co.,Ltd.(EMP) အမှတ် (၂၂၂) ဗိုလ်မြတ်ထွန်းလမ်း ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၉၆၉၉၅၊ ၂၉၁၈၃၉နှင့် ၂၀၃၀၀၈ တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ကောလင်းမြို့ ရွှေမင်းဝံလမ်းမကြီးကို ၁၂ ပေအကျယ် ကတ္တရာလမ်းခင်းရန် ကျောက်များစုဆောင်းထားရှိမှုကို ဇူလိုင် ၂ ရက်က စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင် စစ်ဆေးရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ဇင်နှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးတင့်ဝေတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

စစ်တွေမြို့နယ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုများဖွင့်ပွဲ တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး တက်ရောက်အားပေး

နေပြည်တော် ဩဂုတ် ၁၄

ရခိုင်ပြည်နယ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုများ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂ ရက် နံနက်ပိုင်းတွင် စစ်တွေမြို့ခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး တက်ရောက်အားပေးသည်။

ရှေးဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက ရခိုင်ပြည်နယ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ လှုပ်ရှားမှု အထိမ်းအမှတ်ပြိုင်ပွဲများတွင် ပြိုင်ပွဲအလိုက် ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိကြသူများအား ဆုများ ပေးအပ်ချီးမြှင့်ကြပြီး ကလေးငယ်များအား ဗီတာမင်ဆေးလုံးများ လိုက်လံတိုက်ကျွေးကြကာ ကိုယ်ဝန်ဆောင်မိခင်များအား သံဓာတ်ဆေးပြားနှင့် ဘီဝမ်းဆေးပြားများ ဖြန့်ဝေပေးကြသည်။ ဆက်လက်၍တိုင်းမှူးက အိုင်အိုဒင်းဆားတွင် အိုင်အိုဒင်းပါဝင်မှု စမ်းသပ်စစ်ဆေး၍ လိုအပ်သည်များကို တာဝန်ရှိသူတို့အား မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ထို့နောက် စစ်တွေမြို့ တရားသီးစုရပ်ကွက်ရှိ ကျန်းမာရေးဦးစီးဌာန ဒေသန္တရ ကျန်းမာရေးဌာနနှင့် မင်းဂံရပ်ကွက်ရှိ ဒေသန္တရကျန်းမာရေးဦးစီးဌာနခွဲများသို့ သွားရောက်၍ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ လှုပ်ရှားမှုအထိမ်းအမှတ်အဖြစ် ကလေးငယ်များအား ဗီတာမင်ဆေးလုံးများတိုက်ကျွေးပြီး ကိုယ်ဝန်ဆောင်မိခင်များအား သံဓာတ်ဆေးပြားနှင့် ဘီဝမ်းဆေးပြားများ ဖြန့်ဝေပေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။ တိုင်းမှူးသည် ဩဂုတ် ၄ ရက်တွင် သံတွဲမြို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံအမှာစကားပြောကြား၍ တာဝန်ရှိသူတို့၏ ဌာနအလိုက် လုပ်ငန်းတာဝန်ဆောင်ရွက်နေမှုအခြေအနေများအပေါ် လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။

ထို့နောက် တိုင်းမှူးသည် သံတွဲမြို့နယ် အံတော်ကျေးရွာ စိုက်ပျိုးရေးစခန်း ရှင်းလင်းဆောင်၌ကျင်းပသည့် စုပေါင်းဓာတ်မြေဩဇာကြဲပက်ပွဲနှင့် စုပေါင်းတမန်းနှီးပွဲ အခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ အံတော်ကျေးရွာ သံတွဲ-တောင်ကုတ်ကားလမ်း ကျွန်းစိုက်ပျိုးထားရှိမှု အခြေအနေနှင့် တောင်ကုတ်မြို့နယ် ကွေ့ချောင်းကျေးရွာ သံတွဲ-တောင်ကုတ် ကားလမ်းပေါ်ရှိ တံတားတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး တောင်ကုတ်မြို့ တောင်ကုတ်တပ်နယ်ခန်းမ၌ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် တွေ့ဆုံ၍ လိုအပ်သည်များမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုး မီးသတ်ဦးစီးဌာန၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ပျိုးပင်များ ဝေငှပေးစဉ်။ (မီးသတ်)

မီးသတ်ဦးစီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၄

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့နံနက် ၇ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်)ဝင်း၌ ကျင်းပရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုး တက်ရောက်၍ စိန်တလုံးသရက်ပင်ကို စိုက်ပျိုးပေးသည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ တပ်ဖွဲ့ဝင်မိသားစုများက အရိပ်ရပင်များ၊ သီးပင်စားပင်များ၊ နှစ်ရှည်ပင်များကို စိုက်ပျိုးပေးကြပြီး ညွှန်ကြားရေးမှူးချုပ်သည် ဝန်ထမ်းများ စုပေါင်းသစ်ပင်စိုက်ပျိုးမှုကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်းနှင့် မီးသတ်ဦးစီးဌာန(ရုံးချုပ်)ဝင်းအတွင်း သန့်ရှင်းသာယာလှပရေးနှင့်စိမ်းလန်းစိုပြည်ရေးအတွက် စိန်တလုံးသရက်ပင် ၁၀၀၊ နွယ်သာကီပင်နှင့် လေကာပင်များ စုပေါင်းစိုက်ပျိုးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးနှင့် ဆိပ်ကမ်းသာဈေးတို့တွင် မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအတွက် ဈေးဆိုင်ခန်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်မောင်၊ ခရိုင် မီးသတ်ဦးစီးအရာရှိ ဦးသန်းနိုင်နှင့် မီးဘေးကာကွယ်တားဆီးရေးအဖွဲ့ဝင်များ ကြည့်ရှုစစ်ဆေးစဉ်။ (၅၀)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၅-၈-၂၀၁၀ (တနင်္ဂနွေနေ့)

AM & PM

၅:၀၀ MRTV-4 အဖွင့် Logo
ပဌာန်းပါဠိတော်+
ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅:၁၅ MRTV-4 သတင်း
၆:၀၀ "ကုသိုလ်ရွှေအိုးလူမနိုး" တရားတော်
ဟောဆရာတော်
ဘဒ္ဒန္တသီရိန္ဒာဘိဝံသ
၇:၀၀ MRTV-4 သတင်း
၇:၄၅ ရန်ကုန်မြင်ကွင်းကျယ်
[ကမ္ဘာ့အဆင့်(၁၆)တွင်ရှိသော The University of Melbourne နှင့် Trinity College အကြောင်း Information Seminor]
၈:၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၇၈)**
၈:၃၀ Hip Hop Acoustics Live Show (Part -4)
၉:၂၀ လေးမျက်နှာမြို့နယ်အသင်း (ရန်ကုန်)သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနား
၉:၄၀ Sunday Talk
[မျိုးမြတ်သူ၊ ကိုကို(စက်မှုတက္ကသိုလ်)]
၁၀:၄၀ my Night, my Dream And Tri C
၁၀:၅၀ နေသားတကျ အရှေ့ပြားအလှ နှုန်းညှိပြင်ဆင်မှုတ်တဲ့မျက်နှာ
၁၁:၁၅ ဗီဒီယိုပြခန်း
၁၁:၂၅ တီးမှုတ်ဆောင်ရွက်နိုင်ငံ့လက် ဖွေးကူမှေးမြှုတ်အတူ (ကျောက်ငါးသုတေသန သားဖောက်လုပ်ငန်း)
၁၁:၄၀ ဖန်ခါးမြေမှုရာနာ
၁၂:၀၀ ခြေဖြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတရိုင်သာ-၂၃)
၁၂:၁၅ စိတ်ကူးရေးခြယ် ဆေးရေးပန်းချီအထည်
၁၂:၄၅ အဖိုးတန်ရတနာတို့ ဖြစ်တည်ရာ...
၁:၀၀ "ကုသိုလ်ရွှေအိုးလူမနိုး" တရားတော်
ဟောဆရာတော်
ဘဒ္ဒန္တသီရိန္ဒာဘိဝံသ
၂:၀၀ MRTV-4 သတင်း
၂:၄၅ စကားနပန်း
(လက်တည့်စမ်းတာကောင်းတယ်၊ လက်တည့်မစမ်းတာကောင်းတယ်)
၃:၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၇၈)**
၄:၂၂ ခြေဖြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတရိုင်သာ-၂၃)
၄:၄၅ နေသားတကျ အရှေ့ပြားအလှ နှုန်းညှိပြင်ဆင်မှုတ်တဲ့မျက်နှာ
၄:၅၅ လေးမျက်နှာမြို့နယ်အသင်း (ရန်ကုန်)သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနား
၅:၁၅ my Night, my Dream And Tri C
၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
၆:၀၀ MRTV-4 သတင်း
၆:၂၀ Hip Hop Acoustics Live Show (Part -5)
၇:၀၅ မြန်မာနေရှင်နယ်လိဂ်ဒုတိယ အကျော့မတိုင်မီကြိုတင်ပြင်ဆင်မှုများနှင့် ZAYAR SHWE MYAY F.C
၇:၂၀ ဗီဒီယိုပြခန်း
၇:၄၅ 2010 Summer Youth Olympics
၈:၀၀ MRTV-4 သတင်း
၈:၃၀ စကားနပန်း
(လက်တည့်စမ်းတာကောင်းတယ်၊ လက်တည့်မစမ်းတာကောင်းတယ်)
၉:၂၅ Barclays Premier League (Liverpool Vs Arsenal)
၁၁:၂၅ **MRTV-4ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၇၈)**
၁၂:၀၅ တီးမှုတ်ဆောင်ရွက်နိုင်ငံ့လက် ဖွေးကူမှေးမြှုတ်အတူ (ကျောက်ငါးသုတေသန သားဖောက်လုပ်ငန်း)
၁၂:၂၀ မိခင်လေးငါးများအတွက် အာဟာရ (ဒေါက်တာလှကြည်)
၁၂:၄၀ တစ်ခါစားကြည့် အရသာသိ စွဲငြိစေမည့် မဟာဌာန်
၁၂:၅၀ သစ်ခွ
၁:၀၀ အစီအစဉ်ပြီး

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၉:၂၅	Liverpool - Arsenal	ESPN (Live)

Yangon- Expo 2010 ကုန်စည်ပြပွဲ၌ Supercool တာယာပြခန်း ပြသထားစဉ်။ (သတင်းစဉ်)

Yangon- Expo 2010 ကုန်စည်ပြပွဲ၌ Supercool ကားတာယာပြခန်း ပါဝင်ပြသ

ရန်ကုန် ဩဂုတ် ၁၄

ရန်ကုန်မြို့ ဦးဝိစာရလမ်း တပ်မတော်ခန်းမ၌ ဩဂုတ် ၁၂ ရက်မှ ၁၅ ရက်အထိ Smart Business Group က ကြီးမှူးကျင်းပသည့် Yangon- Expo 2010 ကုန်စည်ပြပွဲ၌ Supercool တာယာပြခန်းလည်း ပါဝင်ပြသလျက်ရှိသည်။

ထုတ်လုပ်ရောင်းချ

ပြခန်းတွင် နိုင်လွန်၊ စတီး (Radial) တာယာ တပ်ဆင်မောင်းနှင်နေသော မော်တော်ကားကြီးများ၏ တာယာမျက်နှာပြင် အပေါက်အကွဲများ၊ ဘေးနံရံ အကွဲဒဏ်ရာများကြောင့် မောင်းနှင်၍ မရတော့သော တာယာများကို မူလပကတိအတိုင်း အသုံးပြုနိုင်ရန် ပြုပြင်ပေးခြင်း၊ ပန်းသားကုန်အောင် မောင်းနှင်ပြီးသော ကားတာယာများကို အသစ်ကဲ့သို့ ပြန်လည်အသုံးပြုနိုင်ရန် အအေးပေါင်းစနစ်ဖြင့် ပန်းသားအသစ်တပ်ဆင်ခြင်း လုပ်ငန်းကို Kyi Brothers Industries Co.,Ltd.က တစ်နေ့လျှင် တာယာအလုံး ၂၀ အထိ ထုတ်လုပ်နိုင်သော ခေတ်မီစက်သစ်ကြီးများဖြင့် နိုင်ငံခြားသား Superviser ပညာရှင်များဖြင့် ပြုပြင်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ Supercool အမှတ်တံဆိပ်ပါ Retread Type များကို အမှတ်(၁၇၀) ဦးတရုတ်ကြီးလမ်း လှိုင်သာယာစက်မှုဇုန်(၄) ရန်ကုန်တိုင်း ဖုန်း-၇၂၈၃၅၁၊ ၆၈၅၀၄၄ နှင့် ၆၈၅၇၇၈ မှ ထုတ်လုပ်ရောင်းချလျက်ရှိကြောင်း သိရသည်။

Supercool တာယာနှင့် ဆက်သွယ်ရရှိနိုင်သည့် လိပ်စာများမှာ ရန်ကုန်အရောင်းပြခန်း အမှတ်(၈/၁၉) ဘုရင့်နောင်ဈေးရှေ့ ဘုရင့်နောင်ပွဲရုံလမ်း ဖုန်း-၆၈၀၁၇၉၄၊ မန္တလေးအရောင်းပြခန်း အမှတ်(၁၆) ၃၆ လမ်း၊ ၈၂ လမ်းနှင့် ၈၃ လမ်းကြား မန္တလေးမြို့ ဖုန်း-၀၂-၈၅၁၆၀၀၆၊ မော်လမြိုင်ကိုယ်စားလှယ် အမှတ်(၁၄) ဈေးချို ကားကြီးအဝေးပြေးဝင်း မော်လမြိုင်မြို့ ဖုန်း-၀၅၇-၈၇၀၀၁၇၇၊ ပဲခူးမြို့ ကိုယ်စားလှယ် အမှတ်(၅၇/ခ) သွန်းဘုရားလမ်း သွန်းဘုရားရပ် ပဲခူးမြို့ ဖုန်း-၀၅၂-၅၁၀၄၀၆၅ တို့ ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

၂၀၁၀ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲ ဆရာ၊ ဆရာမများ ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်

နေပြည်တော် ဩဂုတ် ၁၄

အောက်တိုဘာ ၅ရက်တွင်ကျရောက်မည့် ကမ္ဘာ့ဆရာများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ၂၀၁၀ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဆရာ၊ ဆရာမများ ဆောင်းပါးပြိုင်ပွဲကို အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့်ဟူ၍ အဆင့်လေးဆင့်ခွဲ၍ ကျင်းပမည်ဖြစ်သည်။

တက္ကသိုလ်၊ ကောလိပ်များမှ ဆရာ၊ ဆရာမများနှင့် အငြိမ်းစားယူပြီးသော ဆရာ၊ ဆရာမများသည် အဆင့်မြင့်ပညာအဆင့်တွင် လည်းကောင်း၊ မြို့နယ်ပညာရေးမှူးနှင့် အထက်အဆင့်ရှိ အရာထမ်းများ၊ အခြေခံပညာကျောင်းအုပ်ကြီးများ၊ အထက်တန်းပြ၊ အလယ်တန်းပြ၊ မူလတန်းပြများနှင့် အငြိမ်းစား ဆရာ၊ ဆရာမများသည် သက်ဆိုင်ရာ အခြေခံပညာအဆင့်တွင် လည်းကောင်း ပါဝင်ယှဉ်ပြိုင်နိုင်ကြသည်။

ဆောင်းပါးခေါင်းစဉ်မှာ "လူသားအရင်းအမြစ်ဖန်တီးရှင်" ဖြစ်ပြီး စာလုံးရေ ၃၀၀၀ မှ ၅၀၀၀ အတွင်း ရေးသားရမည်၊ စာမျက်နှာတစ်ဖက်တည်းတွင်သာ ရေးရမည်၊ စာမျက်နှာတပ်ရမည်၊ စာမူနောက်ကျောတွင် ရေးသူအမည်၊ ပညာအရည်အချင်း၊ ရာထူးနှင့် ကျောင်း၊ အိမ်လိပ်စာတို့ကို ဖော်ပြရမည်။

စာမူနှစ်စောင်၊ ကိုယ်တိုင်ရေးသားကြောင်း ဝန်ခံချက်၊ ကိုယ်ရေးအကျဉ်းနှင့် ရောင်စုံလိုင်စင်ဓာတ်ပုံ (တစ်လက်မခွဲ၊ နှစ်လက်မ)သုံးပုံတို့ကို စာအိတ်တွင် လုံခြုံစွာထည့်သွင်းပြီး ဒေါ်တင်တင်ရွှေ ဒုတိယညွှန်ကြားရေးမှူး ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန(သင်ရိုးဌာနခွဲ) အမှတ်(၁၂၃) နတ်မောက်လမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ စက်တင်ဘာ ၁၅ရက် နောက်ဆုံးထားပေးပို့ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်(လေ) ကိုယ်စား မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူးက ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း လက်ဝှေ့ပြိုင်ပွဲဗိုလ်လုပွဲတွင် တံခွန်စိုက်ဒိုင်းဆုရအသင်းအား တံခွန်စိုက်ဒိုင်းဆုကြီးကို ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်(လေ)တံခွန်စိုက်ဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၄

ကာကွယ်ရေးဦးစီးချုပ်(လေ)တံခွန်စိုက်ဒိုင်း လက်ဝှေ့ပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို ဩဂုတ် ၁၃ရက် ညနေပိုင်းတွင် မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်ခန်းမ၌ ကျင်းပရာ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူးနှင့် တပ်မတော်အရာရှိများ၊ မြန်မာနိုင်ငံလက်ဝှေ့ အဖွဲ့ချုပ်၊ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ တပ်မတော်(လေ)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မြို့တော်စည်ပင်တို့မှ ဒိုင်လူကြီးများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ၊ ပြိုင်ပွဲဝင်အသင်းတို့မှ အုပ်ချုပ်သူနှင့် အားကစားသမားများ၊ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များ တက်ရောက်အားပေးကြသည်။

အစီအစဉ်အရ တက်ရောက်လာကြသူများက လက်ဝှေ့ပြိုင်ပွဲ သတ်မှတ်ဝိတ်တန်းအလိုက် ဗိုလ်လုပွဲ ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။

ကျင်းပ

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ သတ်မှတ်ဝိတ်တန်းအလိုက်ဆုရရှိကြသူများအား တာဝန်ရှိသူများက ဆုချီးမြှင့်ကြပြီး တံခွန်စိုက်ဒိုင်းဆုရအသင်းအား ကာကွယ်ရေးဦးစီးချုပ်(လေ) ကိုယ်စား မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူးက တံခွန်စိုက်ဒိုင်းဆုကြီးကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်းလက်ဝှေ့ပြိုင်ပွဲဖွင့်ပွဲကို ဩဂုတ် ၁၀ရက်က ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

MNL ဒုတိယအကျော့ ဖွင့်ပွဲ အခမ်းအနားနှင့် ကမ္ဘောဇအသင်း၏ မိတ်ဆက်အပ်နှံပွဲ ကျင်းပ

တောင်ကြီး ဩဂုတ် ၁၄

၂၀၁၀ MNL အမှတ်ပေး ဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ ဖွင့်ပွဲအခမ်းအနားနှင့် ရှမ်းပြည်နယ်ကိုယ်စားပြု ကမ္ဘောဇအသင်းအား မိဘပြည်သူများထံ မိတ်ဆက်အပ်နှံပွဲကို ယနေ့ မွန်းလွဲ ၁၂ နာရီခွဲမှစ၍ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ရှိ KBZ ဘောလုံးကွင်း၌ ကျင်းပသည်။

၂၀၁၀ MNL ပြိုင်ပွဲ ဒုတိယအကျော့ ဖွင့်ပွဲ အခမ်းအနားတွင် Lazy Club တီးဝိုင်းနှင့်အတူတေးသံရှင်များ၊ ရုပ်ရှင်သရုပ်ဆောင်များက တေးသီချင်းများဖြင့် ဖျော်ဖြေကြသည်။ ထို့နောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က ရှမ်းပြည်နယ် ဘောလုံးအားကစား ဖွံ့ဖြိုးရေးအတွက်ဘောလုံးနှင့်ပစ္စည်းများလှူဒါန်းရာတိုင်းမှူးကလက်ခံရယူသည်။ယင်းနောက် ကမ္ဘောဇအသင်း မိတ်ဆက်အပ်နှံပွဲကို ကျင်းပရာ ကမ္ဘောဇအသင်းဥက္ကဋ္ဌ ဦးမိုးဆန်းအောင်က အသင်းအမည်စာရင်းကို ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရာပြည့်အား ပေးအပ်သည်။ ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ရာပြည့်က ကမ္ဘောဇ ဘောလုံးအသင်းအား အောင်နိုင်ရာ အလံအပ်နှင်းသည်။ ထို့နောက် ၂၀၁၀ MNL အမှတ်ပေး ပြိုင်ပွဲ ဒုတိယအကျော့ကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဗိုလ်ချုပ်ရာပြည့်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နာယက ဦးအောင်ကိုဝင်း၊ ဥက္ကဋ္ဌ ဦးဇော်ဇော်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

(တောင်ကြီးကွင်း)

ကမ္ဘောဇ - နှစ်ဂိုး

(စထက်နိုင်ဝင်း၊ စိုးမြတ်မင်း)

မနော‌မြေ - ဂိုးမရှိ

စိုးမြတ်မင်းနှင့် စထက်နိုင်ဝင်းတို့ တိုက်စစ်တွင် တွဲပေးထားသည့် ကမ္ဘောဇအသင်းမှာ ပွဲစကတည်းက ဂိုးရရှိရန် ကြိုးစားခဲ့ပြီး ၁၀ မိနစ်နှင့် ၁၄ မိနစ်တွင် စိုးမြတ်မင်း၏ ကန်သွင်းမှုများကို မနောမြေ ဂိုးသမား နိုင်ဆွယ်အောင် ကာကွယ်ခဲ့ရသည်။ နိုင်ငံခြားသားနှစ်ဦး ပါဝင်လာသည့် မနောမြေအသင်းမှာ အိမ်ရှင်အသင်းကို ဖိအားပေးနိုင်ရန် ကြိုးစားခဲ့သည်။ အဆုံးသတ်ဂိုးသွင်းအားနည်းမှုကြောင့် ကမ္ဘောဇအသင်း ၄၆ မိနစ်မှ ဂိုးစတင်ရရှိသွားပြီး နေဇော်ထက် ကန်တင်ပေးသောဘောလုံးကို စထက်နိုင်ဝင်းက ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင်လည်း ကမ္ဘောဇအသင်းမှာ ဖိကစားသွားပြီး ၅၄ မိနစ်တွင် ခင်မောင်လွင်၊ ၅၉မိနစ်တွင် အောင်ကျော်ဦး၊ ၆၃မိနစ်တွင် စိုးမြတ်မင်းတို့ အခွင့်အရေးများ ရခဲ့သော်လည်း လွဲချော်ခဲ့သည်။ ၇၄မိနစ်တွင် အသင်းခေါင်းဆောင် စိုးမြတ်မင်းက ကမ္ဘောဇအတွက် ဒုတိယ အနိုင်ဂိုးသွင်းယူပေးခဲ့သည်။ ယခုပွဲအနိုင်ရလဒ်ကြောင့် ကမ္ဘောဇအသင်း ထိပ်ဆုံးနေရာရောက်ရှိသွားခဲ့ပြီး ပထမဆုံး အိမ်ကွင်းတွင် ကစားရသည့်ပွဲကိုလည်း အနိုင်ရလဒ်ဖြင့် ဖွင့်လှစ်နိုင်ခဲ့သည်။

(သုဝဏ္ဏကွင်း)

Delta United - သုံးဂိုး

ကျော်ဇေယျာဝင်း-နှစ်ဂိုး

ဘမ်ဘာ-တစ်ဂိုး

ဇေယျာရွှေမြေ - သုံးဂိုး

[ကျော်ဇင်ဝင်း၊ ဗစ်တာ(ပယ်နယ်တီ) နှင့် ရဲဝေယံစိုး-တစ်ဂိုးစီ]

(ဗထူးကွင်း)

ရန်ကုန်ယူနိုက်တက် - နှစ်ဂိုး

(လီယိုနာဒို)

နေပြည်တော် - ဂိုးမရှိ

ယနေ့ပွဲ

(သုဝဏ္ဏကွင်း)

ဥဿာယူနိုက်တက် - ရတနာပုံ

(ကြေးမုံ)

ကမ္ဘောဇတိုက်စစ်မှူး စထက်နိုင်ဝင်း ဤသို့ ဂိုးသွင်းရန် ကြိုးစားစဉ်။

(၁၈)ကြိမ်မြောက် နိကာယ်စာမေးပွဲ အောင်စာရင်းများ ထုတ်ပြန်ကြေညာ

ရန်ကုန် ဩဂုတ် ၁၄

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက (၁၈)ကြိမ်မြောက် နိကာယ်စာမေးပွဲကြီးကို တစ်ပြည်လုံးရှိ ခွင့်ပြုစာဖြေဌာန ၇၁ဌာနတို့၌ ၂၀၁၀ ခုနှစ် ဇွန် ၁ရက်မှ ၅ ရက်အထိ ငါးရက်တိုင်တိုင် ကျင်းပခဲ့သည်။

အုပ်စု(၁) ခုဒ္ဒကနိကာယ (ဝိနယပိဋက)ဝိနည်းငါးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် ငါးကျမ်းအောင်၁၀၉ပါး၊ လေးကျမ်းအောင် ၁၀၇ပါး၊ သုံးကျမ်းအောင်၁၂၈ပါး၊ နှစ်ကျမ်းအောင်၂၀၃ပါး၊ တစ်ကျမ်းအောင် ၃၉၅ပါးတို့ ဖြစ်ကြသည်။

ဝိနည်းငါးကျမ်းအောင် ၁၀၉ပါးအနက် ပထမ၊ ဒုတိယ၊ တတိယ ရရှိသောအထူးအောင် ပုဂ္ဂိုလ်များမှာ

ခုံအမှတ်၊ အမဇ-၄၅ ရှင်ဝိလာသ၊ သက်တော်(၁၉)နှစ်၊ အဘ-ဦးကျော်ဝင်းစိန်။ အောင်ချမ်းသာ ပရိယတ္တိကျောင်း၊ မြောက်စလင်းတိုက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း။ (ပထမ)၊

ခုံအမှတ်၊ ဒဂတ-၂၃၂၊ အရှင်အာစာရ၊ သက်တော်(၃၀)၊ အဘ-ဦးကျော်နု၊ အလိုတော်ပြည့်မွှာစရိယ တက္ကသိုလ်ကျောင်းတိုက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်တိုင်း။ (ဒုတိယ)နှင့်

ခုံအမှတ်၊ မရ-၄၁၊ ရှင်ဝိမလာနန္ဒာလင်္ကာရ၊ သက်တော် (၁၉)နှစ်၊ အဘ-ဦးစံဝင်း၊ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်းတိုင်း။ (တတိယ) တို့ဖြစ်သည်။

အုပ်စု(၂) ဒီဃနိကာယ (သုတ္တန္တပိဋက) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် ၅၅ပါး၊ နှစ်ကျမ်းအောင် ၃၃ ပါး၊ တစ်ကျမ်းအောင် ၃၄ပါးတို့ ဖြစ်ကြသည်။

ဒီဃနိကာယ်သုံးကျမ်းအောင် ၅၅ပါးအနက် ပထမ၊ ဒုတိယ၊ တတိယ ရရှိသော အထူးအောင် ပုဂ္ဂိုလ်များမှာ

ခုံအမှတ်၊ မရ-၅၃၊ အရှင်ပညာသာရာလင်္ကာရ၊ သက်တော်(၂၂)နှစ်၊ အဘ-ဦးကျော်ရွှေ၊ တိပိဋက မဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။ (ပထမ)၊

ခုံအမှတ်၊ စက-၁၃၊ အရှင်ဣန္ဒောဘာသာလင်္ကာရ၊ သက်တော်(၂၆)နှစ်၊ အဘ-ဦးမုန်း၊ တိပိဋကနိကာယကျောင်းတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။ (ဒုတိယ)နှင့်

ခုံအမှတ်၊ ဒဂတ-၁၁၊ အရှင်စန္ဒာသီရိ၊ သက်တော်(၂၉)နှစ်၊ အဘ-ဦးမောင်ကို၊ နိကာယ် စာသင်တိုက်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ ရန်ကုန်တိုင်း။ (တတိယ) တို့ဖြစ်သည်။

အုပ်စု(၃) မဇ္ဈိမနိကာယ(သုတ္တန္တပိဋက)သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် ကိုးပါး၊ နှစ်ကျမ်းအောင်ငါးပါး၊ တစ်ကျမ်းအောင်သုံးပါးတို့ဖြစ်ကြသည်။

မဇ္ဈိမနိကာယ်သုံးကျမ်းအောင် ကိုးပါးအနက် ပထမ၊ ဒုတိယ၊ တတိယရရှိသော အထူးအောင် ပုဂ္ဂိုလ်များမှာ

ခုံအမှတ် မင်္ဂလာ-၁၊ အရှင်သုန္ဒရ သက်တော်(၃၁)နှစ်၊ အဘ-ဦးကြည်ဝင်း၊ မဟာဂန္ဓာရုံကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်း။ (ပထမ)၊

ခုံအမှတ် မော်-၂၊ အရှင်ပညာဒီပ၊ သက်တော်(၂၇)နှစ်၊ အဘ-ဦးအောင်သန်း၊ ဆင်ဖြူကျောင်းတိုက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။(ဒုတိယ)နှင့်

ခုံအမှတ် ကွေး-၁၊ အရှင်သောဘန၊ သက်တော်(၄၅)နှစ်၊ အဘ- ဦးမြင့်သိန်း၊ သံဃာရာမကျောင်းတိုက်၊ မကွေးမြို့၊ မကွေးတိုင်း။ (တတိယ) တို့ဖြစ်သည်။

အုပ်စု(၄)သံယုတ္တနိကာယ(သုတ္တန္တပိဋက)သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင်တစ်ပါး၊ နှစ်ကျမ်းအောင်တစ်ပါး၊ တစ်ကျမ်းအောင် သုံးပါးတို့ ဖြစ်ကြသည်။

အုပ်စု(၅)အင်္ဂုတ္တရနိကာယ(သုတ္တန္တပိဋက)သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် ၄၄ပါး၊ နှစ်ကျမ်းအောင် ၃၂ ပါး၊ တစ်ကျမ်းအောင်၂၄ပါးတို့ ဖြစ်ကြသည်။

အင်္ဂုတ္တရနိကာယ်သုံးကျမ်းအောင်၄၄ပါးအနက် ပထမ၊ ဒုတိယ၊ တတိယ ရရှိသော အထူးအောင် ပုဂ္ဂိုလ်များမှာ

ခုံအမှတ် မန်း/အမဇ-၃၊ ရှင်ဓမ္မာစာရ၊ သက်တော်(၁၈)နှစ်၊ အဘ-ဦးချစ်ကြည်၊ အောင်ချမ်းသာကျောင်း၊ မြောက်စလင်းတိုက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း။ (ပထမ)၊

ခုံအမှတ် မရ-၁၅၊ အရှင်နန္ဒဝံသာလင်္ကာရ၊ သက်တော်(၂၁)နှစ်၊ အဘ-ဦးဖိုးသန်း၊ တိပိဋက မဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း၊ (ဒုတိယ)နှင့် ခုံအမှတ်၊ ဗဟ-၁၀၊ ရှင်ပညာဝံသာလင်္ကာရ၊ သက်တော် (၁၉)နှစ်၊ အဘ -ဦးကျော်ရှိန်၊ မဟာဝိသုဒ္ဓါရုံရွှေကျင်ကျောင်းတိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း (တတိယ)တို့ဖြစ်သည်။

အုပ်စု(၆) ခုဒ္ဒကနိကာယ(၁) (သုတ္တန္တပိဋက)ငါးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် နှစ်ကျမ်းအောင်တစ်ပါး ဖြစ်သည်။

အုပ်စု(၇)ခုဒ္ဒကနိကာယ(၂)(သုတ္တန္တပိဋက)ငါးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် တစ်ကျမ်းအောင်တစ်ပါး ဖြစ်သည်။

အုပ်စု(၈)ခုဒ္ဒကနိကာယ (အဘိဓမ္မပိဋက) (ပထမပိုင်း) နှစ်ကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် နှစ်ကျမ်းအောင် တစ်ပါး၊ တစ်ကျမ်းအောင် ၁၀ပါးတို့ဖြစ်ကြသည်။

အုပ်စု(၉)ခုဒ္ဒကနိကာယ (အဘိဓမ္မပိဋက) (ဒုတိယပိုင်း) လေးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် လေးကျမ်းအောင် တစ်ပါး၊ နှစ်ကျမ်းအောင် တစ်ပါးတို့ဖြစ်ကြသည်။

အုပ်စု(၁)ခုဒ္ဒကနိကာယ (ဝိနယပိဋက) ဝိနည်းသုံးကျမ်းအဋ္ဌကထာ(မဟာဝိဒူ) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် နှစ်ကျမ်းအောင်နှစ်ပါး၊ တစ်ကျမ်းအောင်သုံးပါးတို့ ဖြစ်ကြသည်။

အုပ်စု(၂)ဒီဃနိကာယ(သုတ္တန္တပိဋက)ဒီဃနိကာယသုံးကျမ်းအဋ္ဌကထာ (မဟာဝိဒူ) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် နှစ်ကျမ်းအောင်နှစ်ပါးဖြစ်သည်။

အုပ်စု(၄) သံယုတ္တနိကာယ(သုတ္တန္တပိဋက)သံယုတ္တနိကာယ သုံးကျမ်းအဋ္ဌကထာ (မဟာဝိဒူ)သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် တစ်ပါးဖြစ်သည်။

သံယုတ္တနိကာယ(သုတ္တန္တပိဋက)သံယုတ္တနိကာယ သုံးကျမ်းအဋ္ဌကထာ(မဟာဝိဒူ) သုံးကျမ်းအောင်တစ်ပါးမှာ

-ခုံအမှတ် သဆ-၁၊ အရှင်ဝဏ္ဏိတာလင်္ကာရ၊ သက်တော်(၄၄)နှစ်၊ အဘ-ဦးပေါ်အေး၊ မဟာဂန္ဓာရုံကျောင်းတိုက်၊ သုံးဆယ်မြို့၊ ပဲခူးတိုင်းဖြစ်သည်။

(၁၈)ကြိမ်မြောက် နိကာယ်စာမေးပွဲတွင် အုပ်စု(၉)ခုနှင့် မဟာဝိဒူတန်းတို့တွင် ကျမ်းစဉ်အလိုက် အောင်မြင်ကြသူပေါင်းမှာ ၁၂၀၉ ပါးဖြစ်သည်။

ယင်းအောင်စာရင်းအပြည့်အစုံကို ပြည်နယ်/တိုင်းသံဃနာယက စာဖြေဌာနရှိရာ မြို့နယ်သံဃနာယကနှင့် ပြည်နယ်/တိုင်းသာသနာရေးမှူးရုံးများတွင် ကြည့်ရှုနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

ပရီမီယာလိဂ်အဖွင့်ပွဲစဉ် စပါးနှင့် မန်စီးတီးသရေကျ

လန်ဒန် ဩဂုတ် ၁၄

၂၀၁၀-၂၀၁၁ဘောလုံးရာသီ ပရီမီယာလိဂ်ပွဲစဉ်(၁)အဖွင့်ပွဲစဉ်အဖြစ် ဝှိုက်ဟတ်လိန်းကွင်းမှာ စပါးနဲ့ မန်စီးတီးတို့ ယှဉ်ပြိုင်ကစားကြရာ ဂိုးမရှိသရေကျသွားပါတယ်။

အိမ်ရှင်စပါးအသင်းမှာ ဂိုမက်စ်၊ လက်ဒလေကင်း၊ မိုက်ကယ်ဒေါဆင်၊ အီကော့တို၊ ကော်လူကာ၊ လူကာမော့ဒရစ်၊ ဟက်ဒယ်စတုန်း၊ ဂါရတ်ဘေးလ်၊ ရော်ဘီကိန်း၊ ပက်ဗလူချန်ကိုနဲ့ ဒေါ့စ်ဆန်းတို့စ်တို့ ပါဝင်ကစားခဲ့ပြီး ဧည့်သည်မန်စီးတီးအသင်းမှာ ဂျိုးဟတ်၊ ကွန်ပနီ၊ ကိုလိုတိုရေး၊ ရက်ချက်စ်၊ ဒီဂျုန်း၊ ဂါရတ်ဘယ်ရီ၊ ယာယာတိုရေး၊ ဒေးဗစ်ဆေးလ်ဗား၊ အဒီဘာယော၊ ဂွန်ဆင်၊ ဇာဘလက်တာတို့နဲ့ ပွဲထွက်လာခဲ့ပါတယ်။

ဂိုးမရှိသရေ

ဧည့်သည်မန်စီးတီးဟာ ဒီပွဲမှာ လူစုံပါဝင်ခြင်းမရှိခဲ့ပေမယ့် ဘောလုံးပိုင်ဆိုင်မှုအသာစီးရယူကာ ပွဲကိုစိုးမိုးနိုင်ခဲ့ပါတယ်။ မန်စီးတီးရဲ့ ဘောလုံးပိုင်ဆိုင်မှုက ၆၁ ရာခိုင်နှုန်းအထိ ရှိခဲ့တာကိုတွေ့ရပါတယ်။ ဒါပေမယ့် စပါးက မန်စီးတီးဂိုးပေါက်ကို အကြိမ် ၂၀ ကန်ခွင့်ရခဲ့ရာ ရှစ်ကြိမ်ဂိုးပေါက်တည့်ခဲ့ပါတယ်။ မန်စီးတီးကတော့ စပါးဂိုးပေါက်ကို ၁၄ ကြိမ်ကန်ခွင့်ရခဲ့ရာ နှစ်ကြိမ်သာဂိုးပေါက်တည့်ခဲ့တာကို တွေ့ခဲ့ရပါတယ်။ ဒါကြောင့် ရာသီသစ်အတွက် ပြင်ဆင်မှုအကောင်းဆုံးဖြစ်တဲ့ မန်စီးတီးဟာ တိုက်စစ်အားပျော့နေဆဲဖြစ်တာကို တွေ့ရပါတယ်။ ပွဲကစားချိန် မိနစ် ၉၀ လုံးလုံး တစ်ဖက်နဲ့တစ်ဖက် ဂိုးသွင်းယူနိုင်ခြင်းမရှိတာကြောင့် ပွဲအပြီးမှာ ဂိုးမရှိသရေကျခဲ့ရပါတယ်။ အဝေးကွင်းမှာတစ်မှတ်ရယူနိုင်ခဲ့တဲ့ မန်စီးတီးဟာ ပွဲစဉ်(၂)မှာ လီဗာပူးနဲ့ ပွဲကျပ်ထပ်မံ နွှဲရဦးမှာဖြစ်ပါတယ်။ ***အင်တာနက်။***

အခြားပွဲစဉ်ရလဒ်များ

ဗီလာ	၃ - ၀	ဝက်စ်ဟမ်း
ဘလက်ဘန်း	၁ - ၀	အဲဗာတန်
ဘော်လ်တန်	၀ - ၀	ဖူလ်ဟမ်
ဆန်းဒါးလန်း	၂ - ၂	ဘာမင်ဂမ်
ဝီဂန်	၀ - ၄	ဘလက်ပူးလ်
ဝုလ်ဗာဟမ်တန်	၂ - ၁	စတုတ်စီးတီး

စပါးမှ ပီတာခရောချ်နှင့် မန်စီးတီးမှ ကွန်ပနီတို့ ခေါင်းယှဉ်တိုက်စဉ်။

ဝင်းတင်(ကြေးမုံ)

ဂုဏ်ယူဝမ်းမြောက်ခြင်း

MAX Myanmar Group of Companies ၏ **ရေဝတီဘဏ်** အား နေပြည်တော်တွင် အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် အောင်မြင်တိုးတက်ပါစေကြောင်း။

စောထွန်းဝေနှင့်ဒါရိုက်တာများ
Delight Engineering Co.,Ltd.
Delight Trading Co.,Ltd.
Straight Engineering Co.,Ltd.

ဂုဏ်ယူဝမ်းမြောက်ခြင်း

Max Myanmar Co.,Ltd. ၏ ရေဝတီဘဏ်အား နေပြည်တော်တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် အောင်မြင်တိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

တက်လမ်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်
မိုးကြယ်စင်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်
နှောင်တုံဆောက်လုပ်ရေးကုမ္ပဏီလီမိတက်

ကြံ့ဂုရဆုံရ ကျွန်တော့်နှစ်ဘဝ
ပါမောက္ခသိန်း

ထွက်ပြီ

Myanmar Book Centre

ဂုဏ်ယူဝမ်းမြောက်ခြင်း

Max Myanmar Groups Co.,Ltd. မှ ဧရာဝတီဘဏ်(နေပြည်တော်)ကို ၁၁-၈-၂၀၁၀ ရက်တွင် နေပြည်တော်၌ အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဆတက်ထမ်းပိုးတိုး၍ အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ရေကြည်မြို့နယ်သူ၊ မြို့နယ်သားများနှင့် ရေကြည်မြို့နယ်အသင်း(ရန်ကုန်)

နေပြည်တော်မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ နှစ်ပတ်လည်အခမ်းအနား ကျင်းပ

နေပြည်တော်ပျဉ်းမနား ဩဂုတ် ၁၄

နေပြည်တော် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ(အဝေးပြေး)၏ နှစ်ပတ်လည်အခမ်းအနားကို ဩဂုတ် ၁ ရက် နံနက်က ဘောဂသီရိအဝေးပြေး ယာဉ်ရပ်နားစခန်းရှိ အဆိုပါ ရုံးချုပ်၌ ကျင်းပရာ အခမ်းအနားသို့ မထသ (အဝေးပြေး)ဥက္ကဋ္ဌ ဦးဝင်းဆွေနှင့် ကော်မတီဝင်များ၊ ယာဉ်လိုင်းတာဝန်ခံများနှင့် ယာဉ်မှူး၊ ယာဉ်နောက်လိုက်များ တက်ရောက်ကြကြောင်း သိရှိရသည်။

(ခရိုင်ပြန်/ဆက်)

ရန်ကုန်တိုင်း လသာမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ ကျောင်းကျန်းမာရေး သီတင်းပတ် လှုပ်ရှားမှု အာဟာရအကြောင်း သိကောင်းစရာ ဟောပြောပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဩဂုတ် ၁၂ ရက်က မြည်လာခန်းမ၌ ကျင်းပရာ အမှတ် (၃) အခြေခံပညာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့် ဆုရကျောင်းသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

Dunlopillo မွေ့ရာ၊ ခေါင်းအုံး ပြခန်း Yangon Expo 2010 ၌ ပါဝင်ပြသ

ရန်ကုန် ဩဂုတ် ၁၄

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဩဂုတ် ၁၂ ရက်မှ ၁၅ ရက်အထိ Smart Business Group က ကြီးမှူးကျင်းပသည့် Yangon Expo 2010 ကုန်စည်ပြပွဲ၌ NatRay Co.,Ltd.က Dunlopillo မွေ့ရာ၊ ခေါင်းအုံးများကို ပြသထားသည်။
(အောက်ပုံ)

နောက်ဆုံးပေါ် နည်းပညာများဖြင့် ထုတ်လုပ်ထားသော Dunlopillo အမှတ်တံဆိပ်မွေ့ရာသည် ကျန်းမာရေးနှင့် ညီညွတ်ပြီး ခါးနာသူများအတွက် သင့်လျော်သည့် မွေ့ရာများဖြစ်ကာ အထူးဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိသည်။ Aussino တံဆိပ် အိပ်ရာအခင်းအနားပစ္စည်းများနှင့် Massimo တံဆိပ် ဆိုဖာများကို အထူးလျှော့ဈေးဖြင့် ဝယ်ယူအားပေးသူများအား စိတ်တိုင်းကျ ရောင်းချပေးလျက်ရှိသည်။

တပ်မတော်ခန်းမ၌ ကျင်းပလျက်ရှိသော Expo ပြပွဲ Booth no.B18.C24 ၌ ဝယ်ယူအားပေးနိုင်သည်။

ယင်းပစ္စည်းများကို (၉)မိုင် ပြည်လမ်းရှိ Casabella Home Furnishing Centre၌ လည်းကောင်း၊ အမှတ်(၁၃၆)၊ ဗိုလ်မြတ်ထွန်းလမ်းရှိ Bed Talk Showroom၌ လည်းကောင်း၊ လပြည့်ဝန်းပလာဇာ တတိယထပ်၌ လည်းကောင်း ဝယ်ယူအားပေးနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မူးယစ်ကင်းစင် အောင်ပွဲဆင်

မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည့် နိဗ္ဗာန်လမ်း ဂဝံခင်းခြင်းလုပ်ငန်းကို ဇူလိုင် ၂၁ ရက်က အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးသန်းဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးနိုင်လင်းမောင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ရန်ကုန်တိုင်းစည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ် ထန်းတပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော အေးရွာလေးကတ္တရာလမ်း မိုးရာသီပြုပြင်ထိန်းသိမ်းနေမှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဆန်းအောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးမင်းတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

အာကာသသိပ္ပံ ထူးခြားဖြစ်စဉ်

ဥက္ကာပျံများ အလုံးအရင်းဖြင့် ကြွေကျမည် ဗြိတိန် ဝေလပြည်နယ်တွင် ဥက္ကာပျံ ၄၀ ကြွေကျခဲ့

ဝါရှင်တန် ဩဂုတ် ၁၄

ဩဂုတ် ၁၂ ရက်မှ ၁၃ ရက်ထိ ဥက္ကာပျံများ အလုံးအရင်းဖြင့် ကြွေကျမှုကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း အမေရိကန်အာကာသအေဂျင်စီ(နာဆာ)က ဟောကိန်းထုတ်ထားသည်။

ပါဆိဒ် ဥက္ကာပျံများ ကြွေကျမှုဖြစ်စဉ် (Perseid meteor shower) ကို နှစ်စဉ်တွေ့ကြုံရလေ့ရှိကြောင်း၊ Swift-Tuttle ကြယ်တံခွန်နှင့် ဆက်စပ်ဖြစ်ပေါ်သော ဥက္ကာပျံများကြွေကျမှုကို နက္ခတ္တဗေဒပညာရှင်များက Perseid ဟု သုံးနှုန်းကြောင်း နာဆာ၏ကြေညာချက်တွင် ဖော်ပြသည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့

ဗြိတိန်နိုင်ငံ ဝေလပြည်နယ် ပိုးဝစ်စီရင်စုတွင် ဥက္ကာခဲများ ကြွေကျပုံကို ဩဂုတ် ၁၂ ရက်ညက တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဘာသာပြန် - ရောမောင်

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်များစာရင်း

အချပ်ပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၈၇/၂၀၁၀)ဖြင့် သတ်မှတ်ကြေညာသည့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်များစာရင်း အချပ်ပို (၃၂)မျက်နှာ ပါရှိပါသည်။

ဆောင်းပါး အညွှန်း

ဆင်ဖြူတော် ဘဒ္ဒဝတီ ပေါ်ပေါက်သောအချိန်သည် နိုင်ငံတော်ကြီး ဒီမိုကရေစီနိုင်ငံအဖြစ် အသွင်ကူးပြောင်းရေးကာလနှင့် တိုက်တိုက်ဆိုင်ဆိုင် ကြုံကြိုက်နေ။ နိုင်ငံတော်အတွက်၊ ပြည်သူအားလုံးအတွက် အတိတ်ကောင်း နိမိတ်ကောင်းများပင်တည်း။ ဆင်ဖြူတော်ဟူသည် ဗုဒ္ဓသာသနာ ထွန်းကားရာအရပ်၊ ဘာသာသာသနာကို လေးစားမြတ်နိုး ကိုးကွယ်သူတို့ ရှိရာအရပ်၊ တိုင်းပြည်အုပ်ချုပ်သူတို့ တရားနှင့်အညီ အုပ်ချုပ်သောအရပ်တို့၌သာ ပေါ်ထွန်းမြဲဖြစ်။ ၂၀၀၁ ခုနှစ်မှ ယနေ့ထိ ဆင်ဖြူတော် လေးစီးမျှပေါ်ထွန်းခဲ့ရာ ပြည်ထောင်စုမြန်မာနိုင်ငံသည်လည်း အဆိုပါအင်္ဂါရပ်များနှင့် ညီညွတ်ပြည့်စုံနေ။

အောင်မင်းမင်း(နေပြည်တော်)၏ “ ရတနာတို့၏ ဘူမိနက်သန် ”(ဆောင်းပါး) စာမျက်နှာ- ၈၊ ၉